# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊ နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၂၂၃)၊ ၁၃၈၇ ခုနှစ် ၊ ဝါဆိုလပြည့်ကျော် ၉ ရက် ၊ ၁၈-၇-၂၀၂၅၊ သောကြာနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည် သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့်ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ် စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွား မည်။

# မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အစည်းအဝေး ကျင်းပ

## အလုပ်အကိုင်အခွင့်အလမ်းပေါင်း တစ်သောင်းဝန်းကျင်ခန့် ဖန်တီးပေးနိုင်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ၃၅ ခု ခွင့်ပြု



နေပြည်တော် ဇူလိုင် ၁၇

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ (၄/၂၀၂၅)ကြိမ်မြောက် အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ်(၅) အစည်းအဝေး ခန်းမ၌ ကျင်းပရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဆောင်ရွက်ဆဲ လက်ရှိရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေရင်းတိုးမြှင့်ခြင်း အပါအဝင် စက်မှုကဏ္ဍနှင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍမှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအသစ်ကိုးခုကို လည်းကောင်း၊ စက်မှု၊ ဟိုတယ်ခရီး၊ ဝန်ဆောင်မှု၊ လျှပ်စစ်၊ စိုက်ပျိုး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ အိမ်ရာအဆောက်အအုံ၊ သတ္တု၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍများမှ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ၂၆ ခုတို့ကိုလည်းကောင်း ခွင့်ပြုပေးခဲ့ပြီး အဆိုပါလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၇၂ ဒသမ ၈၆၅ သန်းနှင့် ငွေကျပ် ၆၇၂၈၃၅ ဒသမ ၂၆၅ သန်းဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၉၂၂၀ ကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။

ယနေ့အစည်းအဝေးက ခွင့်ပြုပေးသည့် လုပ်ငန်းများတွင် နိုင်ငံအတွက် အဓိကလိုအပ်သည့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း လုပ်ငန်းများ၊ စိုက်ပျိုးရေးလုပ်ငန်းနှင့် လျှပ်စစ်မော်တော်ယာဉ် ထုတ်လုပ်ခြင်းလုပ်ငန်းများအပြင် ဝန်ဆောင်မှု လုပ်ငန်းများ၊ စားသောက်ကုန်ထုတ် လုပ်ငန်းများနှင့် အလုပ်အကိုင် အခွင့်အလမ်းများစွာ ဖန်တီးပေးနိုင်မည့် အထည်ချုပ်လုပ်ငန်းများလည်း ပါဝင်သည်။

၂၀၂၅ ခုနှစ် ဇွန်လကုန်အထိ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံ၊ ဒေသပေါင်း ၅၃ ခု အနက် ရင်းနှီးမြှုပ်နှံမှု အများဆုံး ပြုလုပ်သော နိုင်ငံ၊ ဒေသများမှာ စင်ကာပူနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့ဖြစ်ပြီး စီးပွားရေး ကဏ္ဍ ၁၂ ခုအနက် အများဆုံး ရင်းနှီးမြှုပ်နှံထားသည့် ကဏ္ဍများမှာ စွမ်းအင်ကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၂၈ ဒသမ ၃၃ ရာခိုင်နှုန်းဖြင့် လည်းကောင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၄ ဒသမ ၆၈ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ စက်မှုကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၁၄ ဒသမ ၅၄ ရာခိုင်နှုန်းဖြင့်လည်းကောင်း အသီးသီးရင်းနှီးမြှုပ်နှံထားသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သည် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံသူများက တင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှုအဆိုပြုချက်များအား စိစစ်ခွင့်ပြုခြင်းနှင့် လက်ရှိဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံသူများအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဝန်ဆောင်မှုများကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ




**မန္တလေး ဇူလိုင် ၁၇**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာ သောဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိရာ ယနေ့ နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာ ရပ်ကွက်၊ အကွက်(ဘဘ-၁၈)၊ ၄၅လမ်းနှင့် ၁၁၄ လမ်း ထောင့်တွင် ရောင်းချပေးခဲ့သည်။ **စာမျက်နှာ ၃ သို့** ☸

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

နေပြည်တော် ဇူလိုင် ၁၇

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန် အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန် အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန် အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။ **မိုး/ဇလ**

၂၀၂၅ ခုနှစ် ၊ ဇူလိုင် ၁၈ ရက်၊ သောကြာနေ့။

မန္တလေး

# ကျောင်းနေပျော်၍ စာတော်ပြီး လိမ္မာယဉ်ကျေးမှုရှိအောင် သင်ကြားပေးရမည်

တိုင်းပြည်တစ်ပြည်တိုးတက်ရေး၏ အခြေခံလိုအပ်ချက်မှာ ပညာတတ်များ ပေါကြွယ်ဝခြင်းပင်ဖြစ်ပါသည်။ ထို့ကြောင့် အသိပညာ၊ အတတ်ပညာပြည့်စုံသော လူသားအရင်းအမြစ်များ ပျိုးထောင်နိုင်ရေးအတွက် လူတိုင်းအနည်းဆုံး KG+9 ပြီးမြောက်အောင်မြင်ရန် မသင်မနေရ ပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ကျောင်းသား၊ ကျောင်းသူများ ကျောင်းနေပျော်၍ စာတော်ပြီး တိုင်းပြည်ချစ်စိတ်ရှိအောင်၊ လိမ္မာယဉ်ကျေးမှုရှိအောင် သင်ကြားလေ့ကျင့်ပေးရမည်ဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက ဇူလိုင် ၁၄ ရက် နံနက်ပိုင်းတွင် တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပညာရေးမှူးများနှင့် အွန်လိုင်းဖြင့်တွေ့ဆုံစဉ် ဆွေးနွေးမှာကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးပြောကြားရာတွင် ကျောင်းသား၊ ကျောင်းသူများ ကျောင်းနေပျော်ရန် ဆရာ၊ ဆရာမများက အင်တိုက်အားတိုက် စေတနာအပြည့်အဝထား၍ သင်ကြားပေးကြစေလိုကြောင်း၊ မိမိတို့တတ်မြောက်ထားသည့် ပညာရပ်များဖြင့် မိမိတို့တာဝန်ယူသင်ကြားနေသော ဘာသာရပ်များကို ကျောင်းသား၊ ကျောင်းသူများ အမှန်တကယ် တတ်မြောက်အောင် သင်ကြားနိုင်မှသာလျှင် တာဝန်ကျေပွန်မည်ဖြစ်ပါကြောင်း၊ ထို့ပြင် တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် အားကစားလှုပ်ရှားမှုများ စနစ်တကျကျင်းပဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

တက္ကသိုလ်များတွင် အထူးပြုဘာသာရပ်အသီးသီးမှ စတုတ္ထနှစ်နှင့် ပဉ္စမနှစ် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် project များကို မဖြစ်မနေဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ တက္ကသိုလ်များရှိ သိပ္ပံဌာနများတွင် လက်တွေ့ခန်းသုံးပစ္စည်းများ၊ ဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများကို သတ်မှတ်ချက်များအတိုင်း စနစ်တကျအကျိုးရှိထိရောက်စွာ အသုံးပြုကြရန် လိုအပ်ပါကြောင်း၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးများအနေဖြင့် ပုဂ္ဂလိက ကိုယ်ပိုင်ကျောင်းများတွင် Green Card ရှိသော ဆရာ၊ ဆရာမများကိုသာ ခန့်ထားခြင်းနှင့် ဥပဒေတွင်ပါရှိသည့် ညွှန်ကြားချက်များအတိုင်း လိုက်နာမှုရှိစေရေး ကြီးကြပ်ဆောင်ရွက်ကြစေလိုကြောင်း၊ စက်တင်ဘာလအတွင်း တက္ကသိုလ်များစာမေးပွဲ ဖြေဆိုရာတွင် အမှားအယွင်းမရှိစေရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က အခြေခံပညာကျောင်းများနှင့် ပုဂ္ဂလိကကျောင်းများတွင် နိုင်ငံတော်အလံ အလေးပြုခြင်းကို မဖြစ်မနေဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုစဉ်အတွင်း ပိတ်ထားသည့်ကျောင်းများ အစားထိုးဖွင့်လှစ်ခြင်းများ ဆောင်ရွက်ရန် လိုအပ်ပါကြောင်း ဆွေးနွေးပြောကြားသည်။ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များက ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်စကား ပြောကြားခဲ့သည်။

ပညာသည်အမှားအမှန်၊ အကောင်းအဆိုး၊ အကြောင်းအကျိုးကိုဝေဖန်ပိုင်းခြားနိုင်သည့် အသိဉာဏ်ကိုရရှိစေမည်ဖြစ်ရာ ကျောင်းနေပျော်၍ စာတော်ပြီး တိုင်းပြည်ချစ်စိတ်ရှိအောင်၊ လိမ္မာယဉ်ကျေးမှုရှိအောင် ပညာရေးဌာနမှ ဆရာ၊ဆရာမများက သင်ကြားလေ့ကျင့်ပေးရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

# ၂၀၂၅ ခုနှစ် (၇၈) နှစ်မြောက် အာဇာနည်နေ့ အခမ်းအနား MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဇူလိုင် ၁၇

၂၀၂၅ ခုနှစ် ဇူလိုင် ၁၉ ရက်တွင် ကျရောက်မည့် (၇၈) နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကို နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အခမ်းအနား ကျင်းပပုံများကို ဇူလိုင် ၁၉ ရက် နံနက် ၇ နာရီ မိနစ်၄၀ မှ စတင်ပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV – HD ၊ MRTV News ၊ MRTV Parliament၊ MRTV NRC ၊ MITV နှင့် မိတ်ဖက်ရုပ်သံလိုင်းဖြစ်သည့် MWD – HD ၊ MWD Variety HD တို့မှလည်းကောင်း၊ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ရုပ်သံလိုင်းများဖြစ်သော MNTV၊ Up to Date channel၊ Readers' Channel၊ M channel တို့မှ လည်းကောင်း၊ MOI Website ၊ MRTV Website နှင့် မြန်မာ့အသံရေဒီယို ၊ သဇင် FM ၊ Star FM ၊ ပတ္တမြား FM ၊ FM ပုဂံ ၊ ပဉ္စဝတီ FM ၊ မန္တလေး FM ၊ ချယ်ရီ FM ၊ ရွှေ FM နှင့် MRTV App: အပါအဝင် Online Media တို့မှ လည်းကောင်းတိုက်ရိုက် (LIVE) ထုတ်လွှင့်သွားမည်ဖြစ်သည်။ သတင်းစဉ်

## သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper@gmail.com** မှ တစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

# ပြန်/ဆက် ဦးစီးဌာန(Community Center) အစည်းအဝေးခန်းမတွင် စာဖတ်ဝိုင်း ကျင်းပ

**မန္တလေး ဇူလိုင် ၁၇**

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (Community Center)အစည်းအဝေးခန်းမတွင် ဝန်ထမ်းများ၏ လိုက်နာရမည့်စည်းမျဉ်းများကို သိရှိလိုက်နာစေရန်အတွက် စာဖတ်ဝိုင်းကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းထွန်းနိုင်က အမှာစကားပြောကြားခဲ့ပြီး ဝန်းထမ်းကျင့်ဝတ်စာအုပ်မှ "ဌာနဆိုင်ရာအရေးယူခြင်း၊ ပြစ်မှုနှင့် ပြစ်ဒဏ်များ"ခေါင်းစဉ်ဖြင့် ဝန်ထမ်းများသည် ဝန်ထမ်းကျင့်ဝတ်ပျက်ယွင်းမှု၊ စည်းကမ်း ဖောက်ဖျက်မှုနှင့် တာဝန်ပျက်ကွက်မှုတို့အတွက် နိုင်ငံဝန်ထမ်း ဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဌာနဆိုင်ရာ နည်းလမ်းအရ အရေးယူနိုင်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ရုပ်သံကျွမ်းကျင်-၃ ဒေါ်နီလာကျော်က "ဝန်ထမ်း၏ ဝန်ထမ်းမှုဆိုင်ရာ ခံစားခွင့်များ"ခေါင်းစဉ်ဖြင့် ဝန်ထမ်း၏ အခြေခံအခွင့်အရေးများနှင့် ခွင့်အမျိုးအစားများအကြောင်း ကို ဖတ်ကြားခဲ့သည်။ ချမ်းအေးသာစံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် ဝန်ထမ်းများသည် မိမိ၏တာဝန်များကို ကျေပွန်စေရန်နှင့် ဝန်ထမ်းများ၏ လိုက်နာရမည့်စည်းမျဉ်းများကို သိရှိလိုက်နာစေရန်အတွက် စာဖတ်ဝိုင်းအစီအစဉ်များကို လစဉ်လတိုင်း ကျင်းပဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

**ချမ်းမြေ့မောင်**

# အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၏ သား၊ သမီးများအား ပညာသင်ထောက်ပံ့ပေးအပ်ပွဲ ကျင်းပ



**မန္တလေး ဇူလိုင် ၁၇**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ယာယီရုံးတွင် ယနေ့နံနက် ၁၀ နာရီအချိန်က ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ အမရပူရမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၏ သား၊ သမီးများအား ပညာသင်ထောက်ပံ့ပေးအပ်ပွဲကို ပြုလုပ်ခဲ့သည်။

ဦးစွာ အမရပူရမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးညွန့်ဦးက အဖွင့်အမှာစကားပြောကြားပြီး ထောက်ပံ့ပေးအပ်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် ဝန်ထမ်းများ၏ သား၊ သမီးများကို ထောက်ပံ့ပေးအပ်ခဲ့ရာ အဆင့်မြင့်ပညာ တက်ရောက်နေသူ ၁၂ ဦးကို တစ်ဦးလျှင် ၇၅၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ အထက်တန်း ၆ ဦးအတွက် တစ်ဦးလျှင် ၆၅၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ အလယ်တန်း ၈ ဦးအတွက် တစ်ဦးလျှင် ၅၅၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ မူလတန်း ၂၆ ဦးအတွက် တစ်ဦးလျှင် ၃၅၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ မူကြို ၅ ဦးအတွက် တစ်ဦးလျှင် ၃၀၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း စုစုပေါင်းငွေကျပ် ၂၇၉၀၀၀၀ ကျပ်ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)စိုးသီဟ**

# အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်ပိုစတာ၊ စာအုပ်၊ စာစောင်ပြပွဲများ ကျင်းပ



**ကန့်ဘလူ ဇူလိုင် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကန့်ဘလူမြို့တွင် ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခရိုင်စားသုံးသူရေးရာဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲနှင့်နံရံကပ်ပိုစတာ၊ စာအုပ်၊ စာစောင်ပြပွဲကို ဇူလိုင် ၁၅ ရက် နံနက် ၉ နာရီက အမှတ်(၅)အခြေခံပညာ အလယ်တန်းကျောင်း၌ ကျင်းပသည်။

ဟောပြောပွဲတွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်အိအိသင်းက ကျောင်းသား၊ ကျောင်းသူများ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေး ကျောင်းပညာရေးတွင်သာမက ဘက်စုံထူးချွန်သော ကျောင်းသား၊ ကျောင်းသူများ ဖြစ်ထွန်းလာစေရန်အတွက် ကျောင်းစာအပြင် ပြင်ပဗဟုသုတရရှိစေမည့် စာအုပ်၊ စာစောင်များကို ဖတ်ရှုလေ့လာသင့်ကြောင်းကိုလည်းကောင်း၊ ခရိုင်စားသုံးသူရေးရာဦးစီးဌာန အငယ်တန်းစာရေး ဒေါ်အိမွန်ကျော်က စားသုံးရန်မသင့်သော အစားအစာများနှင့် ဆိုးကျိုးများကိုလည်းကောင်း အသီးသီးအသိပညာပေး ဟောပြောကြသည်။ (ဝဲပုံ)

ဆက်လက်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက အသိပညာပေး နံရံကပ်ပိုစတာများနှင့် စာအုပ်၊ စာစောင်များကို ခင်းကျင်းပြသရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

* –* –* –* –* –*

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# ပြည်ထောင်စုကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီအစည်းအဝေး ကျင်းပ

## ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် စိုက်ဧက ငါးသန်းကျော်အတွက် စိုက်ပျိုးစရိတ်ချေးငွေ ကျပ် ၆၈၈ ဘီလီယံ ထုတ်ချေးရန် လျာထား

နေပြည်တော် ဇူလိုင် ၁၇

ပြည်ထောင်စု ကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီ(၁/၂၀၂၅) အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ရုံးအမှတ်(၃၂) အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စု ကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် တက်ရောက်အမှာစကားပြောကြားသည်။




အစည်းအဝေးသို့ပြည်ထောင်စု ကုန်ဈေးနှုန်း တည်ငြိမ်ရေးကော်မတီဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ ကော်မတီဝင်ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌတို့ တက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ စီးပွားရေးရာဝန်ကြီးများ၊ စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူးများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင်ပြည်ထောင်စု ကုန်ဈေးနှုန်း တည်ငြိမ်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားရာတွင် အခြေခံစားသောက်ကုန်ဈေးနှုန်းများ မြင့်တက်မှုသည် ပုံသေဝင်ငွေရရှိသည့် လခစားဝန်ထမ်းများနှင့် အခြေခံလူတန်းစားများအပေါ် သက်ရောက်မှုကြီးမားကြောင်း၊ "နိုင်ငံတော်၏ စီးပွားရေး တိုးတက်စေရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေး"တွင် နိုင်ငံတော်ဝန်ကြီးချုပ်က အခြေခံစားကုန်များကို အထွက်နှုန်းတိုးတက်ထုတ်လုပ်နိုင်ခြင်းဖြင့် စားသောက်ကုန်များ၏ ဈေးနှုန်းကို သင့်တင့်သောဈေးနှုန်းများဖြစ်စေရန်၊ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ တိုးတက်စေရေးအတွက် ရှိပြီးဖြစ်သည့်အခြေခံကောင်းများကို အသုံးချ၍ ကုန်ထုတ်လုပ်မှုတိုးတက်အောင် ဆောင်ရွက်ရန်နှင့် ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲပုပ်စသည့်သီးနှံများကို တိုးမြှင့်စိုက်ပျိုးထုတ်လုပ်ပြီး ပြည်တွင်းတွင် ဆီဖူလုံမှုရှိစေရေး တွန်းအားပေးဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားခဲ့ကြောင်း။

နိုင်ငံတော် အစိုးရအနေဖြင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ အတိုးနှုန်းသက်သာသည့် ချေးငွေများနှင့် ကူညီပံ့ပိုးပေးလျက်ရှိကြောင်း၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် စုစုပေါင်း စိုက်ဧက ငါးသန်းကျော်အတွက် စိုက်ပျိုးစရိတ်ချေးငွေ ကျပ် ၆၈၈ ဘီလီယံ ထုတ်ချေးရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်တွင်းစားသုံးဆီ တိုးမြှင့်ထုတ်လုပ်ရေးရင်းနှီးလည်ပတ်ငွေ လိုအပ်ချက်များအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ အတိုးနှုန်းသက်သာသည့် ချေးငွေများကို ထုတ်ချေးပေးလျက်ရှိကြောင်း။

ထို့အပြင် သဘာဝဘေးအန္တရာယ် ကျရောက်မှုများကြောင့် ကုန်ဈေးနှုန်းအပေါ် သက်ရောက်မှုမဖြစ်စေရေးအတွက် ကြပ်မတ်ထိန်းသိမ်းပေးရမည်ဖြစ်ကြောင်း၊ ဈေးကွက်အတွင်း အခြေခံစားသောက်ကုန်များ ပြတ်လပ်မှုမရှိစေရေး၊ ဈေးနှုန်းမြင့်တက်မှုမဖြစ်ပေါ်စေရေး၊ ဒေသတစ်ခုမှ တစ်ခုသို့ ကုန်စည်စီးဆင်းမှုတွင် အခက်အခဲများမရှိစေရေးအတွက် ကော်မတီဝင်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒေသအလိုက် သက်ဆိုင်ရာ တာဝန်ရှိသူများ အားလုံးက ကြိုတင်စီမံ၍ ပူးပေါင်း ဖြေရှင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စု ကုန်ဈေးနှုန်း တည်ငြိမ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဆန်၊ စားအုန်းဆီ အပါအဝင် အခြေခံစားသောက်ကုန် ဈေးနှုန်းများ တည်ငြိမ်စေရေး ဆောင်ရွက်မှု အခြေအနေ၊ ကုန်စည်များ စီးဝင်၊ စီးထွက်မှု အခြေအနေ၊ ငလျင်ဘေးသင့်ဒေသများတွင် အခြေခံစားကုန်များအား ဈေးကားများဖြင့် လှည့်လည်ရောင်းချမှု အခြေအနေတို့ကို ဆွေးနွေးတင်ပြပြီး တိုင်းဒေသကြီး၊ ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ ကော်မတီအဖွဲ့ဝင်များက ပြည်ထောင်စုကုန်ဈေးနှုန်း တည်ငြိမ်ရေးကော်မတီ အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ဆန်၊ စားသုံးဆီ၊ အသား၊ ငါး၊ ဥအမျိုးမျိုးနှင့် စားဖိုဆောင်သုံး ပစ္စည်းများ ထွက်ရှိမှု၊ ဖူလုံမှု၊ ရောင်းဝယ်မှု အခြေအနေနှင့် တွေ့ကြုံရသည့် အခက်အခဲများ၊ အခြေခံစားသောက်ကုန် ဈေးနှုန်းများ တည်ငြိမ်စေရေးအတွက် နေ့စဉ်ကြပ်မတ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စု ကုန်ဈေးနှုန်း တည်ငြိမ်ရေးကော်မတီဥက္ကဋ္ဌက ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ကဏ္ဍနှင့် ဒေသအလိုက် ကုန်ဈေးနှုန်းတည်ငြိမ်စေရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် လိုအပ်ချက်များကို သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများ၊ ပုဂ္ဂလိက ကဏ္ဍနှင့် အခြားဆက်စပ်ကော်မတီများအကြား ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

ပြည်ထောင်စု ကုန်ဈေးနှုန်း တည်ငြိမ်ရေးကော်မတီကို ၂၀၂၃ ခုနှစ် ဩဂုတ်လ ၁၈ ရက်နေ့တွင် ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး အခြေခံစားသောက်ကုန်ပစ္စည်းများဖြစ်သည့် ဆန်၊ စားသုံးဆီ၊ သားငါး၊ ဥနှင့် မီးဖိုချောင်သုံး ကုန်ပစ္စည်းများ ဈေးနှုန်းတည်ငြိမ်ရေး၊ ပြည်တွင်းလိုအပ်ချက်နှင့် ထုတ်လုပ်မှုပမာဏ ညီညွတ်မျှတရေး၊ ကုန်စည်စီးဆင်းမှု အဝင်၊ အထွက် မှန်ကန်ရေး၊ ကုန်ဈေးနှုန်းတည်ငြိမ်မှု ပျက်ပြားစေမည့်ကိစ္စရပ်များအား ဥပဒေနှင့်အညီ ကြီးကြပ်ရေးလုပ်ငန်းများကို ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## ဒုတိယဝန်ကြီး ဦးလူမွန် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကုန်သွယ်ရေးကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



နေပြည်တော် ဇူလိုင် ၁၇

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလူမွန်သည် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကုန်သွယ်ရေးကိုယ်စားလှယ် Mr. Konstantin Kanarev ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၂)၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စက်မှုနှင့် ကုန်သွယ်ရေး ဝန်ကြီးဌာနတို့အကြား ချုပ်ဆိုမည့် ရေဒီယိုအီလက်ထရောနစ် လုပ်ငန်းနှင့် ဒစ်ဂျစ်တယ်နည်းပညာ နယ်ပယ်ဆိုင်ရာ နားလည်မှုစာချွန်လွှာ(မူကြမ်း)အား လက်မှတ်ရေးထိုးနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်မည့် ကိစ္စရပ်များနှင့် ရေဒီယိုအီလက်ထရောနစ်လုပ်ငန်းနှင့် ဒစ်ဂျစ်တယ်နည်းပညာနယ်ပယ်ဆိုင်ရာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု အခွင့်အလမ်းများကို အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီးနှင့်အတူ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်

### ☸ ရွှေဖုံးမှ

သက်သာဈေးရောင်းချမည့် အစီအစဉ်ကို ဇူလိုင် ၁၈ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇ လမ်း၊ ၇၁ လမ်းနှင့် ၇၂ လမ်းကြားနှင့် ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ ၁၂၁ လမ်း၊ ၅၂ လမ်းနှင့် ၅၃ လမ်းကြားတို့တွင် လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်ပြီး ဇူလိုင် ၁၉ ရက်တွင် အာဇာနည်နေ့(ရုံးပိတ်ရက်)ဖြစ်၍ သက်သာဈေးရောင်းချမှုအစီအစဉ်ကို ရပ်နားထားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (မန္တလေးနေ့စဉ်-၆)

### မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် ဇူလိုင် ၁၇

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဧလ

# မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ဥပဒေ ပြဋ္ဌာန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ဥပဒေ

( နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၄၁ / ၂၀၂၅ )

၁၃၈၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၈ ရက်
( ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း(၁)

အမည်၊ သက်ဆိုင်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ဥပဒေ** ဟုခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် ရေပြင်နယ်နိမိတ်အတွင်းတွင်ရှိသော အောက်ပါတို့နှင့် သက်ဆိုင်စေရမည်-
(က) ပြည်တွင်းပြည်ပမှရေယာဉ်နှင့် လေယာဉ်၊
(ခ) ပင်လယ်ဆိပ်ကမ်းအပါအဝင် ပင်လယ်ရေကြောင်းဆိုင်ရာ အဆောက်အအုံ၊
(ဂ) စီးပွားရေးလုပ်ငန်း။

**ခြွင်းချက်။** ပြည်တွင်း စစ်ရေယာဉ်၊ စစ်လေယာဉ်များနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -
(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။
(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။
(ဂ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ၊ ကာကွယ်ရေးဝန်ကြီးဌာနကို ဆိုသည်။
(ဃ) **ကမ်းခြေစောင့်တပ်ဖွဲ့** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းထားသော မြန်မာနိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့ကို ဆိုသည်။
(င) **ကမ်းခြေစောင့်တပ်ဖွဲ့အကြီးအကဲ**ဆိုသည်မှာ ကမ်းခြေစောင့်တပ်ဖွဲ့အား ကြီးကြပ်ကွပ်ကဲရသူကို ဆိုသည်။
(စ) **တပ်ဖွဲ့ဝင်အရာရှိ** ဆိုသည်မှာ ကမ်းခြေစောင့်တပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်သော ပြန်တမ်းဝင်အရာရှိကို ဆိုသည်။
(ဆ) **အရပ်ဘက်အရာရှိ** ဆိုသည်မှာ ကမ်းခြေစောင့်တပ်ဖွဲ့တွင် တွဲဖက်၍ဖြစ်စေ၊ ဌာနကူးပြောင်း၍ဖြစ်စေ တာဝန်ထမ်းဆောင်သော သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ပြန်တမ်းဝင်အရာရှိကို ဆိုသည်။ ယင်းစကားရပ်တွင် စတင်ခန့်ထားသည့် ပြန်တမ်းဝင်အရာရှိနှင့် အမှုထမ်းမှ ပြန်တမ်းဝင်အရာရှိအဆင့်ရရှိသူများလည်း ပါဝင်သည်။
(ဇ) **တပ်ဖွဲ့ဝင်** ဆိုသည်မှာ ကမ်းခြေစောင့်တပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်နေသည့် တပ်ဖွဲ့ဝင်အရာရှိ၊ အရပ်ဘက်အရာရှိ၊ တပ်ဖွဲ့ဝင်အမှုထမ်း သို့မဟုတ် အရပ်ဘက်အမှုထမ်းကို ဆိုသည်။
(ဈ) **အခြေခံမျဉ်းများ** ဆိုသည်မှာ မြန်မာနိုင်ငံပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေ၏ နောက်ဆက်တွဲ(က)တွင် သတ်မှတ်ထားသည့် အခြေခံမျဉ်းများကို ဆိုသည်။
(ည) **အတွင်းပိုင်းရေပြင်** ဆိုသည်မှာ ပိုင်နက်ပင်လယ်ကို စတင်သတ်မှတ်သည့် အခြေခံမျဉ်းမှ ကုန်းတွင်းဘက်ရှိ ရေပိုင်နက်ကိုဆိုသည်။ ယင်းစကားရပ်တွင် ပင်လယ်ဆိပ်ကမ်းမဟုတ်သည့် အခြားဆိပ်ကမ်း၊ ချောင်းနှင့် မြစ်များမပါဝင်။
(ဋ) **ပင်လယ်ဆိပ်ကမ်း** ဆိုသည်မှာ အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ထားသော ဆိပ်ကမ်းကိုဆိုသည်။ ယင်းစကားရပ်တွင် အဓိကဆိပ်ကမ်း သို့မဟုတ် ပင်လယ်ရေနက်ဆိပ်ကမ်းလည်း ပါဝင်သည်။
(ဌ) **ပိုင်နက်ပင်လယ်** ဆိုသည်မှာ အခြေခံမျဉ်းများမှ ပင်လယ်ဘက်သို့ ရေမိုင် ၁၂ မိုင်အထိ ကျယ်ဝန်းသောဇုန်ကို ဆိုသည်။
(ဍ) **ဆက်စပ်ဇုန်** ဆိုသည်မှာ ပိုင်နက်ပင်လယ်၏ပြင်ပတွင်တည်ရှိပြီး ပိုင်နက်ပင်လယ်နှင့် တစ်ဆက်တည်းဖြစ်သည့်ပြင် အခြေခံမျဉ်းမှ ပင်လယ်ဘက်သို့ ရေမိုင် ၂၄ မိုင်အထိ ကျယ်ဝန်းသောဇုန်ကို ဆိုသည်။
(ဎ) **သီးသန့်စီးပွားရေးဇုန်** ဆိုသည်မှာ ပိုင်နက်ပင်လယ်၏ ပြင်ပတွင်တည်ရှိပြီး ပိုင်နက်ပင်လယ်နှင့် တစ်ဆက်တည်းဖြစ်သည့်ပြင် အခြေခံမျဉ်းမှ ပင်လယ်ဘက်သို့ ရေမိုင် ၂၀၀ အထိ ကျယ်ဝန်းသောဇုန်ကို ဆိုသည်။
(ဏ) **ရေပြင်နယ်နိမိတ်** ဆိုသည်မှာ နိုင်ငံတော်၏အတွင်းပိုင်းရေပြင်မှစ၍ သီးသန့်စီးပွားရေးဇုန်အထိ တစ်ဆက်တည်းရှိသောရေပြင်ကို ဆိုသည်။ ဤစကားရပ်တွင် ကမ်းရိုးတန်းလည်း ပါဝင်သည်။
(တ) **ရေယာဉ်** ဆိုသည်မှာ ရေပေါ် သို့မဟုတ် ရေအောက်တွင် ရွေ့လျားသွားလာနိုင်သော စက်တပ်ရေယာဉ်၊ စက်မဲ့ရေယာဉ် သို့မဟုတ် မောင်းသူမဲ့ ရေယာဉ်တစ်မျိုးမျိုးကို ဆိုသည်။ ယင်းစကားရပ်တွင် တွဲတွန်း၊ တွဲဆွဲရေယာဉ်၊ စက်မဲ့ကုန်တွဲ၊ ရေနံတွဲ၊ ရေတွင်ပေါ်သော အခြားတွဲယာဉ်၊ လေကူရှင်သုံးရေယာဉ်၊ ရေယာဉ်ပျံ၊ အပျော်စီး ရေယာဉ်၊ ဖောင် သို့မဟုတ် ရွက်လှေတို့ ပါဝင်သည်။
(ထ) **လေယာဉ်** ဆိုသည်မှာ လေထဲတွင်မောင်းနှင်သော စက်တပ်ယာဉ် သို့မဟုတ် စက်မဲ့ယာဉ်ကို ဆိုသည်။ ယင်းစကားရပ်တွင် ရဟတ်ယာဉ်၊ စက်မဲ့လေယာဉ် (Glider)၊ မောင်းသူမဲ့လေယာဉ် (Drone)၊ မီးပုံးပျံ (Air Balloon) သို့မဟုတ် လေထဲတွင်ပျံသန်းနိုင်သော အခြားယာဉ်တစ်မျိုးမျိုးလည်း ပါဝင်သည်။
(ဒ) **နိုင်ငံခြားရေယာဉ်** ဆိုသည်မှာ ပြည်ပတွင်မှတ်ပုံတင်ထားသော ရေယာဉ်ကို ဆိုသည်။
(ဓ) **ရေယာဉ်ပိုင်ရှင်** ဆိုသည်မှာ ရေယာဉ်ကိုပိုင်ဆိုင်သည့် လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကို ဆိုသည်။ ယင်းစကားရပ်တွင် ရေယာဉ်နှင့် သက်ဆိုင်သည့်လုပ်ငန်းကို ရေယာဉ်ပိုင်ရှင်ကိုယ်စားဆောင်ရွက်ရန် တာဝန်လွှဲအပ်ခြင်းခံထားရသော ကိုယ်စားလှယ်လည်း ပါဝင်သည်။
(န) **ပင်လယ်ရေကြောင်းဆိုင်ရာအဆောက်အအုံ** ဆိုရာတွင် နိုင်ငံတော်၏ ရေပြင်နယ်နိမိတ်အတွင်း ပင်လယ်ရေကြောင်းဆိုင်ရာ အကျိုးစီးပွားအတွက် လူသားတို့ဖန်တီးသောကျွန်း၊ ကမ်းလွန်စခန်း၊ အဏ္ဏဝါသိပ္ပံဆိုင်ရာသုတေသနစခန်း၊ ရေနံတူးစင်၊ အထိုင်တွင်းတူးစင်၊ ရေပေါ်တွင်းတူးစင်၊ သို့လှောင်ရုံ၊ ဖြန့်ဖြူးသိုလှောင်ရုံ၊ ရေအောက်ကေဘယ်ကြိုး၊ ပိုက်လိုင်း၊ စွန့်ပစ်ပစ္စည်းများလက်ခံရာနေရာ၊ ပင်လယ်ပြင်အခြေပြု ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ထုတ်ယူရေးစခန်း သို့မဟုတ် စစ်ဘက်နှင့်မသက်ဆိုင်သည့် ရေကြောင်းဆိုင်ရာ အခြေခံအဆောက်အအုံနှင့် ပစ္စည်းကိရိယာများ ပါဝင်သည်။
(ပ) **အဏ္ဏဝါသဘာဝသယံဇာတ** ဆိုသည်မှာ ပင်လယ်ကြမ်းပြင်၊ ပင်လယ်ကြမ်းပြင်အောက်ခံမြေထု၊ ပင်လယ်ကြမ်းပြင်အထက်ရှိရေထု သို့မဟုတ် ပင်လယ်ရေမျက်နှာပြင်တွင်ရှိသော သက်ရှိသက်မဲ့သယံဇာတတစ်မျိုးမျိုးကို ဆိုသည်။ ယင်းစကားရပ်တွင် ဒီရေတောနှင့် သန္တာကျောက်တန်းများလည်း ပါဝင်သည်။
(ဖ) **ရှားပါးမျိုးစိတ်** ဆိုသည်မှာ ရေပြင်နယ်နိမိတ်အတွင်း ပုံမှန်တွေ့ရလေ့မရှိသော၊ ရှားပါးသော သို့မဟုတ် မျိုးသုဉ်းရန်အန္တရာယ်နှင့် ရင်ဆိုင်နေရသောအပင် သို့မဟုတ် တိရစ္ဆာန်မျိုးစိတ်တစ်ခုခုကို ဆိုသည်။
(ဗ) **အဏ္ဏဝါပတ်ဝန်းကျင်** ဆိုသည်မှာ ရေပြင်နယ်နိမိတ်အတွင်း အဏ္ဏဝါဂေဟစနစ်၏ လည်ပတ်မှုအခြေအနေနှင့် အရည်အသွေးတို့ကို အပြန်အလှန်အကျိုးသက်ရောက်စေသည့် ရုပ်ပိုင်းဆိုင်ရာ၊ မြေထု၊ ရေထု၊ လေထုဆိုင်ရာ သို့မဟုတ် ဇီဝဆိုင်ရာ အခြေအနေကို ဆိုသည်။
(ဘ) **အဏ္ဏဝါဂေဟစနစ်** ဆိုသည်မှာ ရေပြင်နယ်နိမိတ်အတွင်း နေထိုင်ကျက်စားသော သို့မဟုတ် ရှင်သန်ပေါက်ပွားသော ကျွန်းနေဇီဝမျိုးစုံမျိုးကွဲ၊ အပင်၊ တိရစ္ဆာန်နှင့် သက်မဲ့ရုပ်ဝတ္ထုများ သဟဇာတဖြစ်လျက်တည်ရှိနေသည့် သဘာဝစနစ် သို့မဟုတ် ယင်းစနစ်ကြောင့် ဖြစ်ပေါ်ပြောင်းလဲနေသော အဏ္ဏဝါပတ်ဝန်းကျင်ကို ဆိုသည်။
(မ) **ညစ်ညမ်းမှု** ဆိုသည်မှာ ဘေးအန္တရာယ်ရှိပစ္စည်း၊ ညစ်ညမ်းပစ္စည်း သို့မဟုတ် စွန့်ပစ်ပစ္စည်းကို စွန့်ပစ်ခြင်း၊ ထုတ်လွှတ်ခြင်း သို့မဟုတ် စုပုံခြင်းကြောင့် အဏ္ဏဝါပတ်ဝန်းကျင်၏ အစိတ်အပိုင်းတစ်ရပ်ရပ်ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပြောင်းလဲစေခြင်း သို့မဟုတ် သက်ရောက်စေခြင်းကို ဆိုသည်။
(ယ) **ပင်လယ်ဓားပြမှု** ဆိုသည်မှာ နိုင်ငံတကာပင်လယ်ပြင်အတွင်း ရောက်ရှိနေသော ပုဂ္ဂလိကပိုင်ရေယာဉ် သို့မဟုတ် လေယာဉ်ပေါ်ရှိ လူပုဂ္ဂိုလ်တစ်ဦးဦးက အခြားသော ရေယာဉ် သို့မဟုတ် လေယာဉ်ပေါ်ရှိ လူပုဂ္ဂိုလ် သို့မဟုတ် ပစ္စည်းအပေါ် ပုဂ္ဂလိကအကျိုးအလို့ငှာ အကြမ်းဖက်ခြင်း၊ တရားမဝင်ဖမ်းဆီးခြင်း၊ ချုပ်နှောင်ခြင်း သို့မဟုတ် ထိန်းချုပ်ခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် ထိုသို့ပြုလုပ်ရန် ပူးပေါင်းကြံစည်ခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်း သို့မဟုတ် အားပေးကူညီခြင်းလည်း ပါဝင်သည်။
(ရ) **တရားမဝင်ဖြတ်ကျော်ဝင်ရောက်မှု** ဆိုသည်မှာ ဥပဒေနှင့်အညီ ထုတ်ပေးထားသော ပြည်တွင်းဝင်ရောက်ခွင့်လက်မှတ်နှင့် သက်ဆိုင်ရာနိုင်ငံက နည်းလမ်းတကျ ထုတ်ပေးထားသော နိုင်ငံကူးလက်မှတ်တို့မပါရှိဘဲ နိုင်ငံတော်၏ပိုင်နက်ပင်လယ်ကို ဖြတ်သန်း၍ အတွင်းပိုင်းရေပြင်သို့လည်းကောင်း၊ ပင်လယ်ဆိပ်ကမ်းတစ်ခုခုသို့လည်းကောင်း ဝင်ရောက်ခြင်း သို့မဟုတ် ဝင်ရောက်ရန်အားထုတ်ခြင်းကို ဆိုသည်။
(လ) **ပင်လယ်ပြာစီးပွားရေး (Blue Economy)** ဆိုသည်မှာ ရေပြင်နယ်နိမိတ်အတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်နှင့် လူမှုစီးပွားဖူလုံရေးမြှင့်တင်ရန် အဏ္ဏဝါဂေဟစနစ်ကို မထိခိုက်စေဘဲ အဏ္ဏဝါသဘာဝသယံဇာတများကို ရေရှည်တည်တံ့စေသည့် နည်းလမ်းများ အသုံးပြု၍ လုပ်ကိုင်သောစီးပွားရေးကို ဆိုသည်။
(ဝ) **အဏ္ဏဝါသဘာဝသယံဇာတဆိုင်ရာပြစ်မှု** ဆိုသည်မှာ အဏ္ဏဝါသဘာဝသယံဇာတများကို ညစ်ညမ်းမှုဖြစ်စေရန် သို့မဟုတ် ထိခိုက်စေရန်လုပ်ဆောင်ခြင်း၊ တရားမဝင်ရှာဖွေတူးဖော်ခြင်း၊ ထုတ်လုပ်ခြင်း သို့မဟုတ် သယ်ယူရွှေ့ပြောင်းခြင်းကို ဆိုသည်။
(သ) **ပင်လယ်ရေကြောင်းဆိုင်ရာဆိုက်ဘာခြိမ်းခြောက်မှု (Maritime Cyber Threat)** ဆိုသည်မှာ ပင်လယ်ရေကြောင်းဆိုင်ရာ လုပ်ငန်းတစ်ရပ်ရပ်ကို နှောင့်ယှက်ဟန့်တားရန် အလို့ငှာ ဆိုက်ဘာအရင်းအမြစ်တစ်ခုခုကိုအသုံးပြု၍ ခြိမ်းခြောက်မှုတစ်ရပ်ရပ်ကို ကျူးလွန်ခြင်း၊ ကျူးလွန်ရန် အားထုတ်ခြင်း၊ အားပေးကူညီခြင်း၊ လှုံ့ဆော်ခြင်း သို့မဟုတ် ကြံရာပါအဖြစ်ဆောင်ရွက်ခြင်းကို ဆိုသည်။
(ဟ) **နိုင်ငံတကာသဘောတူစာချုပ်များ** ဆိုရာတွင် နိုင်ငံတော်ကအဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်လက်မှတ်ရေးထိုးထားသည့် အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းများ၊ ဒေသဆိုင်ရာ သို့မဟုတ် နိုင်ငံအချင်းချင်းချုပ်ဆိုထားသော စာချုပ်များနှင့် ယင်းစာချုပ်များ၏ နောက်ဆက်တွဲ သဘောတူညီချက်များအားလုံး ပါဝင်သည်။

အခန်း (၂)

ရည်ရွယ်ချက်များ

၄။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -
(က) ရေပြင်နယ်နိမိတ်အတွင်း နိုင်ငံတော်၏အချုပ်အခြာအာဏာနှင့် လုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရန်၊
(ခ) ရေပြင်နယ်နိမိတ်အတွင်း ပင်လယ်ရေကြောင်းကိုအသုံးပြု၍ ဆောင်ရွက်နေသည့် တရားမဝင်လုပ်ငန်းများ၊ တရားမဝင်ဖြတ်ကျော်ဝင်ရောက်မှုအပါအဝင် တရားမဝင် ဝင်ရောက်အခြေချနေထိုင်မှုများကို တားဆီးနှိမ်နင်းရန်နှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်၊

စာမျက်နှာ ၅ သို့ ❖

❖ စာမျက်နှာ ၄ မှ

(ဂ) ပင်လယ်ရေကြောင်းဆိုင်ရာ ဘေးအန္တရာယ်ကင်းရှင်းရေး၊ ရှာဖွေကယ်ဆယ်ရေးနှင့် လူသားချင်း စာနာထောက်ထားမှု အကူအညီပေးရေးတို့ကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်၊

(ဃ) ပင်လယ်ရေကြောင်းဆိုင်ရာ အမျိုးသားအကျိုးစီးပွား၊ ပင်လယ်ပြာစီးပွားရေး၊ အဏ္ဏဝါပတ်ဝန်းကျင်နှင့် အဏ္ဏဝါဂေဟစနစ်တို့ကို ကာကွယ်စောင့်ရှောက်ရန်၊

(င) ပင်လယ်ရေကြောင်းဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်ရာတွင် နိုင်ငံတကာသဘောတူစာချုပ်များနှင့်အညီ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ နိုင်ငံတကာကမ်းခြေစောင့်တပ်ဖွဲ့များ၊ ပြည်တွင်းပြည်ပမှ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အခြားအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်။

## အခန်း (၃)
## ဖွဲ့စည်းခြင်း

၅။ မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ကို ကမ်းခြေစောင့်တပ်ဖွဲ့ ကွပ်ကဲမှုဌာနချုပ်၊ ယင်း၏ ကွပ်ကဲမှုအောက်ရှိ ကမ်းခြေစောင့်တပ်ဖွဲ့ရေယာဉ်စုများ၊ ကမ်းခြေစောင့်တပ်ဖွဲ့ ရေယာဉ်အုပ်များ၊ အခြားလိုအပ်သောဌာနများဖြင့် တည်ဆဲဖွဲ့စည်းပုံနှင့်အညီ ဖွဲ့စည်းရမည်။

၆။ ဝန်ကြီးဌာနသည် ကမ်းခြေစောင့်တပ်ဖွဲ့၏ဖွဲ့စည်းပုံကို လိုအပ်ပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ တိုးချဲ့ဖွဲ့စည်းနိုင်သည်။

၇။ ကမ်းခြေစောင့်တပ်ဖွဲ့သည် ကိုယ်ပိုင်အလံနှင့် ကိုယ်ပိုင်တံဆိပ်တို့ကို အသုံးပြုခွင့်ရှိသည်။

## အခန်း (၄)
## တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၈။ ကမ်းခြေစောင့်တပ်ဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ရေပြင်နယ်နိမိတ်အတွင်း နိုင်ငံတော်၏အချုပ်အခြာအာဏာနှင့် လုံခြုံရေးကို ထိပါးနှောင့်ယှက်မှုမရှိစေရန် ရေကြောင်းလုံခြုံရေးတာဝန်ဆောင်ရွက်ခြင်း၊

(ခ) ရေပြင်နယ်နိမိတ်အတွင်း ပင်လယ်ရေကြောင်းကိုအသုံးပြု၍ ဆောင်ရွက်နေသည့် တရားမဝင်လုပ်ငန်း၊ မူးယစ်ဆေးဝါး သို့မဟုတ် လက်နက်ကိုသယ်ဆောင်မှု သို့မဟုတ် ရောင်းဝယ်မှု၊ လူကုန်ကူးမှု၊ နိုင်ငံတကာအကြမ်းဖက်မှုစသည့် နိုင်ငံဖြတ်ကျော်ပြစ်မှုများ၊ တရားမဝင် ဖြတ်ကျော်ဝင်ရောက်မှုနှင့် ပင်လယ်ဓားပြမှုများကို စုံစမ်းစစ်ဆေးခြင်းနှင့် အရေးယူခြင်း၊

(ဂ) ပင်လယ်ရေကြောင်းဆိုင်ရာအဆောက်အအုံ၊ ပင်လယ်ပြာစီးပွားရေးနှင့် ပင်လယ်ဆိပ်ကမ်းများ၏ လုံခြုံရေးနှင့်တရားဥပဒေစိုးမိုးရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၏ တာဝန်ခံဌာနအဖြစ် တာဝန်ယူဆောင်ရွက်ခြင်း၊

(ဃ) ရေပြင်နယ်နိမိတ်အတွင်း ရေလမ်းကြောင်းဆိုင်ရာ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ရေယာဉ်ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို ဆောင်ရွက်ခြင်း၊

(င) အဏ္ဏဝါပတ်ဝန်းကျင်နှင့် အဏ္ဏဝါဂေဟစနစ်များ ပျက်စီးဆုံးရှုံးမှုမရှိစေရေး တားဆီးကာကွယ်ခြင်း၊

(စ) နိုင်ငံတော်၏ ကမ်းရိုးတန်းနိုင်ငံဆိုင်ရာ လုပ်ငန်းတာဝန်များကို တာဝန်ခံဌာနအဖြစ် ဆောင်ရွက်ခြင်းနှင့် ဆိပ်ကမ်းနိုင်ငံဆိုင်ရာ လုပ်ငန်းတာဝန်များကို ပြည်တွင်းပြည်ပ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ ဆက်စပ်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဆ) ပင်လယ်ပြင်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဇ) လူသားချင်းစာနာထောက်ထားမှု အကူအညီပေးခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဈ) နိုင်ငံတော်၏အရေးပေါ်အခြေအနေတွင် တပ်မတော်(ရေ)နှင့်ပူးပေါင်း၍ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ခြင်း၊

(ည) ကမ်းခြေစောင့်တပ်ဖွဲ့နှင့်သက်ဆိုင်သည့်ပညာရပ်များ လေ့ကျင့်သင်ကြားနိုင်သော သင်တန်းများနှင့် နိုင်ငံတကာရေကြောင်းဆိုင်ရာအဖွဲ့အစည်းများ၏ စံချိန်စံညွှန်းနှင့်ညီသောကျောင်းများ ဖွင့်လှစ်ခြင်း၊

(ဋ) အဏ္ဏဝါပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ရေထုညစ်ညမ်းမှု ကာကွယ်တားဆီးခြင်းတို့နှင့်စပ်လျဉ်း၍ အသိပညာပေးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဌ) ဝန်ကြီးဌာနက အခါအားလျော်စွာပေးအပ်သော လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

၉။ ကမ်းခြေစောင့်တပ်ဖွဲ့အကြီးအကဲသည် -

(က) ကမ်းခြေစောင့်တပ်ဖွဲ့ကို တာဝန်ခံကြီးကြပ်ကွပ်ကဲရမည်။

(ခ) ကမ်းခြေစောင့်တပ်ဖွဲ့၏ ဖွဲ့စည်းပုံကိုပြင်ဆင်ရန်လိုအပ်ပါက ဝန်ကြီးဌာနသို့ အဆိုပြုတင်ပြနိုင်သည်။

(ဂ) ကမ်းခြေစောင့်တပ်ဖွဲ့၏လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် လိုအပ်သောစီမံချက်များနှင့် စီမံကိန်းများကို ဝန်ကြီးဌာန၏မူဝါဒများနှင့်အညီ ရေးဆွဲချမှတ်ဆောင်ရွက်ရမည်။

(ဃ) မိမိ၏လုပ်ပိုင်ခွင့်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ သင့်လျော်သည့် တပ်ဖွဲ့ဝင်အရာရှိတစ်ဦးဦးအား သတ်မှတ်ချက်များနှင့်အညီ လွှဲအပ်ဆောင်ရွက်နိုင်သည်။

(င) တပ်ဖွဲ့ဝင်များ၏ စွမ်းဆောင်ရည်မြင့်မားရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မဟာဗျူဟာ၊ စီမံကိန်းနှင့်လေ့ကျင့်ရေးစီမံချက်များကို ဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

## အခန်း (၅)
## ပင်လယ်ရေကြောင်းဆိုင်ရာလုံခြုံရေး

၁၀။ နိုင်ငံခြားရေယာဉ်သည် မြန်မာနိုင်ငံပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များ ဥပဒေနှင့်အညီ အပြစ်ကင်းသော ဖြတ်သန်းမှုကိုကျင့်သုံးခွင့်ရှိသည်။

၁၁။ ကမ်းခြေစောင့်တပ်ဖွဲ့သည် အောက်ပါတာဝန်တို့ကို ဆောင်ရွက်ရမည် -

(က) နိုင်ငံတော်၏အတွင်းပိုင်းရေပြင်မှစ၍ ပိုင်နက်ပင်လယ်အထိ တစ်ဆက်တည်းရှိသော နယ်နိမိတ်အတွင်းနှင့် ကမ်းရိုးတန်းတစ်လျှောက်တွင်-

(၁) နိုင်ငံခြားရေယာဉ်၏ အပြစ်ကင်းသောဖြတ်သန်းသွားလာခွင့်ကို မထိခိုက်စေဘဲ နိုင်ငံတော်၏လုံခြုံရေး သို့မဟုတ် ပင်လယ်ရေကြောင်းဆိုင်ရာလုံခြုံရေးနှင့် စပ်လျဉ်း၍လိုအပ်ပါက ဖြတ်သန်းသည့်ရေယာဉ်ကို ရပ်တန့်စေခြင်း၊ စုံစမ်းစစ်ဆေးခြင်း သို့မဟုတ် တက်ရောက်ရှာဖွေခြင်း၊

(၂) နိုင်ငံခြားရေယာဉ်၏ အပြစ်ကင်းသောဖြတ်သန်းသွားလာခွင့်ကို မထိခိုက်စေဘဲ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း မသင်္ကာဖွယ်တွေ့ရှိရသည့် သို့မဟုတ် သတင်းရရှိသည့် ရေယာဉ်ကိုရပ်တန့်စေခြင်း၊ စုံစမ်းစစ်ဆေးခြင်း သို့မဟုတ် တက်ရောက်ရှာဖွေခြင်း၊

(၃) ပင်လယ်ရေကြောင်းကိုအသုံးပြု၍ ဆောင်ရွက်နေသည့် တရားမဝင်လုပ်ငန်းများနှင့် ပင်လယ်ရေကြောင်းဆိုင်ရာ ဆိုက်ဘာခြိမ်းခြောက်မှုများကို စုံစမ်းစစ်ဆေးခြင်း၊

(၄) နိုင်ငံတော်၏ပိုင်နက်ပင်လယ်အတွင်း အပြစ်ကင်းသော ဖြတ်သန်းသွားလာခွင့်အရ ဖြတ်သန်းသွားလာသည့် နိုင်ငံခြားရေယာဉ်က ဝန်ဆောင်မှုလုပ်ငန်းတစ်ခုခုကို သီးခြားဆောင်ရွက်ပေးရန်တောင်းဆိုလျှင် အဆိုပါဝန်ဆောင်မှုလုပ်ငန်းအတွက် သတ်မှတ်ထားသောအခကြေးငွေကိုပေးသွင်းစေပြီး ဆောင်ရွက်ပေးခြင်း၊

(၅) နိုင်ငံတော်၏အတွင်းပိုင်းရေပြင်၌ တည်ဆဲဥပဒေတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခဲ့ပြီး ပိုင်နက်ပင်လယ်ကို ဖြတ်သန်းသွားလာသော နိုင်ငံခြားရေယာဉ်ကို ရပ်တန့်စေခြင်း၊ စုံစမ်းစစ်ဆေးခြင်း သို့မဟုတ် တက်ရောက်ရှာဖွေခြင်း၊

(၆) ရေယာဉ်၏အမှတ်အသား သို့မဟုတ် အလံကို အတုပြုလုပ်မှု သို့မဟုတ် ပုံစံတူဆင့်ပွားပြုလုပ်မှုကျူးလွန်ကြောင်း မသင်္ကာဖွယ်တွေ့ရှိသည့် ရေယာဉ်ပေါ်သို့ တက်ရောက်စစ်ဆေးခြင်း၊

(၇) နိုင်ငံတော်၏ပိုင်နက်ပင်လယ်အတွင်း အပြစ်ကင်းသော ဖြတ်သန်းသွားလာခြင်း မဟုတ်သည့် ဖြတ်သန်းသွားလာခြင်းကို သတ်မှတ်ချက်များနှင့်အညီ တားဆီးကာကွယ်ခြင်း၊

(၈) နိုင်ငံတော်၏အတွင်းပိုင်းရေပြင်သို့ ခုတ်မောင်းနေသည့်ရေယာဉ်များ စည်းကမ်းလိုက်နာမှုရှိစေရန် ဆောင်ရွက်ခြင်း၊

(၉) လုံခြုံရေးဆိုင်ရာ အရေးပေါ်အခြေအနေအရဖြစ်စေ၊ ဘေးအန္တရာယ်ကင်းရှင်းရေးအရဖြစ်စေ၊ ရေယာဉ်တွင်စီးနင်းလိုက်ပါသူများ၏ ကျန်းမာရေးဆိုင်ရာ အရေးပေါ်အခြေအနေအရဖြစ်စေ၊ ရာသီဥတုအခြေအနေအရဖြစ်စေ၊ အခြားသောအရေးပေါ်အခြေအနေတစ်ရပ်ရပ်အရဖြစ်စေ ဝင်ရောက်လာသော နိုင်ငံခြားရေယာဉ်ကို သတ်မှတ်ချက်များနှင့်အညီစိစစ်ပြီး ရပ်နားခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊ အတွင်းပိုင်းရေပြင်သို့ ဝင်ခွင့်ပြုခြင်း သို့မဟုတ် ဝင်ခွင့်ပြုရန် ငြင်းပယ်ခြင်း၊

(၁၀) ပုံမှန်ကင်းလှည့်ခြင်းနှင့် နိုင်ငံတော်၏တည်ဆဲဥပဒေတစ်ရပ်ရပ်ကို ချိုးဖောက်ကြောင်း မသင်္ကာဖွယ်တွေ့ရှိသည့် သို့မဟုတ် သတင်းရရှိသည့်ရေယာဉ်ကို ရပ်တန့်စေခြင်း၊ စုံစမ်းစစ်ဆေးခြင်း သို့မဟုတ် တက်ရောက်ရှာဖွေခြင်း၊

(၁၁) တရားမဝင်ဖြတ်ကျော်ဝင်ရောက်သည့် ရေယာဉ်ကိုရပ်တန့်စေခြင်း၊ စုံစမ်းစစ်ဆေးခြင်း သို့မဟုတ် တက်ရောက်ရှာဖွေခြင်း၊

(၁၂) တရားမဝင်ဖြတ်ကျော်ဝင်ရောက်သည့် လူပုဂ္ဂိုလ်ကို တားဆီးခြင်း သို့မဟုတ် အရေးယူခြင်း၊

(၁၃) လူနေထိုင်သောကျွန်းများ၏ ဘေးကင်းလုံခြုံရေးကို ဆောင်ရွက်ခြင်းနှင့် လူနေထိုင်ခြင်းမပြုရန် သတ်မှတ်ထားသည့်ကျွန်းများတွင် တရားမဝင် ဝင်ရောက်နေထိုင်မှုမရှိစေရန် တားဆီးခြင်း။

(ခ) ဆက်စပ်ဇုန်အတွင်း နိုင်ငံတကာသဘောတူစာချုပ်များအရ ပေးအပ်ထားသော လွတ်လပ်စွာဖြတ်သန်းသွားလာခွင့်ကို မထိခိုက်စေဘဲ နိုင်ငံတော်၏ အကောက်ခွန်၊ ငွေကြေး၊ တရားမဝင်ဖြတ်ကျော်ဝင်ရောက်မှုအပါအဝင် လူဝင်မှုကြီးကြပ်ရေး သို့မဟုတ် ကျန်းမာသန့်ရှင်းရေးဆိုင်ရာဥပဒေများပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း မသင်္ကာဖွယ်တွေ့ရှိသည့် သို့မဟုတ် သတင်းရရှိသည့် ရေယာဉ်ကို ရပ်တန့်စေခြင်း၊ စုံစမ်းစစ်ဆေးခြင်း သို့မဟုတ် တက်ရောက်ရှာဖွေခြင်း၊

(ဂ) သီးသန့်စီးပွားရေးဇုန်အတွင်း-

(၁) နိုင်ငံတကာသဘောတူစာချုပ်များအရ ပေးအပ်ထားသော လွတ်လပ်စွာ ဖြတ်သန်းသွားလာခွင့်ကို မထိခိုက်စေဘဲ အဏ္ဏဝါသဘာဝသယံဇာတဆိုင်ရာ ပြစ်မှုတစ်ရပ်ရပ်ကိုကျူးလွန်ကြောင်း မသင်္ကာဖွယ်တွေ့ရှိသည့် သို့မဟုတ် သတင်းရရှိသည့် ရေယာဉ်ကို ရပ်တန့်စေခြင်း၊ စုံစမ်းစစ်ဆေးခြင်း သို့မဟုတ် တက်ရောက်ရှာဖွေခြင်း၊

(၂) ပင်လယ်ရေကြောင်းဆိုင်ရာအဆောက်အအုံ၊ ပင်လယ်ပြာစီးပွားရေး သို့မဟုတ် ပင်လယ်ဆိပ်ကမ်းအပေါ် ကျူးလွန်သော အကြမ်းဖက်မှု၊ ခြိမ်းခြောက်မှု သို့မဟုတ် နှောင့်ယှက်မှုကို တားဆီးနှိမ်နင်းခြင်း၊

(၃) ပင်လယ်ရေကြောင်းဆိုင်ရာအဆောက်အအုံ၊ ပင်လယ်ပြာစီးပွားရေးလုပ်ငန်း ဆောင်ရွက်ရာနေရာ သို့မဟုတ် ပင်လယ်ဆိပ်ကမ်းတွင် လုံခြုံရေးချိုးဖောက်ကြောင်း သို့မဟုတ် ပြစ်မှုကျူးလွန်သူတစ်ဦးဦးက ပင်လယ်ရေကြောင်းဆိုင်ရာ အဆောက်အအုံ သို့မဟုတ် ပင်လယ်ပြာစီးပွားရေးလုပ်ငန်း ဆောင်ရွက်ရာနေရာအတွင်းသို့ ထွက်ပြေးတိမ်းရှောင်ကြောင်း မသင်္ကာဖွယ်တွေ့ရှိပါက သို့မဟုတ် သတင်းရရှိပါက ဝင်ရောက်ရှာဖွေစစ်ဆေးခြင်း၊

(၄) ပင်လယ်ရေကြောင်းလုံခြုံရေးခြိမ်းခြောက်မှုကို တပ်မတော်(ရေ)နှင့် ပူးပေါင်း၍ ကာကွယ်တားဆီးခြင်း၊

(၅) ပင်လယ်ဆိပ်ကမ်း၊ ရေယာဉ်၊ လူပုဂ္ဂိုလ်၊ ကုန်ပစ္စည်း သို့မဟုတ် ပင်လယ်ပြာစီးပွားရေး၏လုံခြုံရေးကို ထိခိုက်နိုင်သည့်အခြေအနေတွင် ဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ တပ်မတော်(ရေ)နှင့်ပူးပေါင်း၍ အမျိုးသားအဆင့် လုံခြုံရေးအဆင့်နှင့် ဇရိယာများသတ်မှတ်ခြင်းနှင့် သက်ဆိုင်သူများထံသို့ အသိပေးကြေညာခြင်း။

(ဆက်လက်ဖော်ပြမည်)

# ငွေကြေးအရင်းအနှီးလိုအပ်နေသော ဆီစက်ပိုင်ရှင်များသို့ အသိပေးကြေညာချက်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်မှုဖြင့် ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေး ချေးငွေစီမံခန့်ခွဲမှုအဖွဲ့သည် ပြည်တွင်းရှိဆီစက်များသို့ အဆင့်မီစက်ပစ္စည်းများ တိုးချဲ့တပ်ဆင်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ ခေတ်မီဆီစက်အသစ်များ ထပ်မံတည်ဆောက်ခြင်းနှင့် လုပ်ငန်းသုံးရင်းနှီးလည်ပတ်ငွေလိုအပ်ချက်များအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ထူထောင်ထားသည့် ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေရန်ပုံငွေမှ အတိုးနှုန်းသက်သာသောချေးငွေများကို ထုတ်ချေးပေးလျက်ရှိပါသည်။

၂။ ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေကို အောက်ပါအချက်များနှင့်ညီညွတ်ပါက လျှောက်ထားနိုင်ပါသည် -

(က) လက်ရှိလုပ်ငန်းလည်ပတ်လုပ်ကိုင်နေသော ဆီစက်ဖြစ်ရမည်၊
(ခ) လုပ်ငန်းအမည်ပေါက် လိုင်စင်(သက်တမ်းရှိ) ရှိရမည်၊
(ဂ) ချေးငွေအတွက် အာမခံအဖြစ် အမည်ပေါက်ပိုင်ဆိုင်သော မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းများ၊ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇)များကို ပေးအပ်နိုင်ရမည်၊
(ဃ) နိုင်ငံပိုင်ဘဏ်များနှင့် ပုဂ္ဂလိကဘဏ်များတွင် လက်ရှိချေးငွေရယူထားသူများအနေဖြင့် ဆီစက်ဖွံ့ဖြိုးရေးချေးငွေရယူလိုပါက **သီးခြားအာမခံ** တင်သွင်းနိုင်မှသာ လျှောက်ထားနိုင်ပါသည်၊
(င) FDA လက်မှတ်ရရှိပြီးသူ၊ အသေးစားစက်မှုလုပ်ငန်း မှတ်ပုံတင်လက်မှတ်ရရှိပြီးသူနှင့် သက်ဆိုင်ရာဒေသရှိ ဆီစက်ပိုင်ရှင်များအသင်း၊ ဆီကုန်သည်နှင့် ဆီစက်လုပ်ငန်းရှင်များအသင်းဝင်လုပ်ငန်းရှင်များအား ဦးစားပေးစဉ်းစားမည်။

၃။ ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေအတွက် ချေးငွေဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) **ချေးငွေပမာဏ**

| | |
|---|---|
| (၁) လုပ်ငန်းသုံးလှည့်ပတ်ရင်းနှီးငွေ (Working Capital) အတွက် ချေးငွေ | - အနည်းဆုံး ကျပ် သိန်း ၁၀၀ မှ အများဆုံး ကျပ် သိန်း ၅၀၀၀ အထိ |
| (၂) မတည်ရင်းနှီးငွေ (Fixed Capital) အတွက် ချေးငွေ | - အနည်းဆုံး ကျပ် သိန်း ၂၀၀ မှ အများဆုံး ကျပ် သိန်း ၅၀၀၀ အထိ |

(၃) ကျပ်သိန်း ၅၀၀၀ အထက် ချေးငွေရယူလိုသော ဆီစက်လုပ်ငန်းရှင်များအနေဖြင့် ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေး ချေးငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့၊ အတွင်းရေးမှူးရုံး၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ရုံးချုပ်)သို့ တိုက်ရိုက်ပေးပို့လျှောက်ထားရန် ဖြစ်ပါသည်။

(ခ) **ချေးငွေသက်တမ်းနှင့် ပြန်ဆပ်ကာလ**

| | |
|---|---|
| (၁) လုပ်ငန်းသုံးလှည့်ပတ်ရင်းနှီးငွေ | - ချေးငွေသက်တမ်း(၁)နှစ် |
| (၂) မတည်ရင်းနှီးငွေ | - ချေးငွေသက်တမ်း(၃)နှစ် ဆိုင်းငံ့ကာလ(၁)နှစ်၊ ပြန်ဆပ်ကာလ (၂)နှစ်၊ (၆)လတစ်ကြိမ်(၄)ရစ်ဆပ်ရန် |

(ဂ) **ချေးငွေအတိုးနှုန်း** - ၁ နှစ်လျှင် (၅ %)

၄။ ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေ လျှောက်ထားရယူလိုသော ဆီစက်လုပ်ငန်းရှင်များသည် အောက်ပါ ရုံး၊ ဌာန၊ ဘဏ်ခွဲများတွင် ချေးငွေအဆိုပြုလွှာများရယူ၍ လျှောက်ထားနိုင်ပါသည် -

(က) ပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် ဆီစက်ပိုင်ရှင်များအသင်းရုံးများအားလုံး၊
(ခ) ပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်၊ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းရုံးများအားလုံး၊
(ဂ) ပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနရုံးခွဲများအားလုံး၊
(ဃ) ပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်/ခရိုင်နှင့် မြို့နယ် မြန်မာ့စီးပွားရေးဘဏ်ခွဲများအားလုံး၊
(င) ပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်နှင့် မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲများအားလုံး။

၅။ ဆီစက်ချေးငွေ အဆိုပြုလွှာပုံစံများကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန website www. mopf. gov.mm ၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန website https://msmewebportal. gov.mm/၊ မြန်မာဆီစက်ပိုင်ရှင်များအသင်း website http://www.meoma.org ၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီစက်လုပ်ငန်းရှင်များအသင်း website http://meoda.myanmarwebtraining.com ၊ MEB website www.meb.gov.mm ၊ MADB website www.madb.gov.mm တို့တွင် download ရယူနိုင်ပါကြောင်း လေးစားစွာဖြင့် အသိပေးကြေညာအပ်ပါသည်။

ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း သတင်းမီဒီယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် သတင်းစာ၊ ဂျာနယ်ထုတ်ဝေသူများနှင့် တွေ့ဆုံ

ရန်ကုန် ဇူလိုင် ၁၇

သတင်းမီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သတင်းစာ၊ ဂျာနယ်ထုတ်ဝေသူများနှင့် တွေ့ဆုံဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း တက်ရောက်အမှာစကားပြောကြားသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်တွင် ဖြစ်ပေါ်နေသော အခြေအနေများနှင့် သတင်းမီဒီယာများ လိုက်နာဆောင်ရွက်ရန် လိုအပ်မှုအခြေအနေများ၊ သတင်းများဖော်ပြရာတွင် နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွား၊ ပြည်သူများ၏ အကျိုးစီးပွားကို မထိခိုက်မပျက်ပြားအောင် ရေးသားဖော်ပြရန် လိုအပ်မှုအခြေအနေများ၊ သတင်းတု၊ သတင်းမှားများ အန္တရာယ်နှင့် သတင်းမှန်များ ထုတ်လွှင့်ဖော်ပြပေးရန် လိုအပ်မှုအခြေအနေများကို ဆွေးနွေးပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ(၂) ဦးခင်မောင်ကျော်ဒင်နှင့် တက်ရောက်လာကြသည့် သတင်းစာ၊ ဂျာနယ်များမှ ထုတ်ဝေသူများနှင့် တာဝန်ရှိသူများက သတင်းမီဒီယာကဏ္ဍ တိုးတက်ရေးအတွက် ဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# လျှော့ကြောင့်ပျက်စီးခဲ့သည့်နေအိမ်များ ထောက်ပံ့ရန်အတွက် အမိုးသွပ်ပြားများထုတ်လုပ်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဇူလိုင် ၁၇

ငလျင်ကြောင့် ပျက်စီးခဲ့သည့်နေအိမ်များ ထောက်ပံ့ရန်အတွက် အမိုးသွပ်ပြားများ ထုတ်လုပ်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ် (၃၀) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအနေဖြင့် ပြည်ထောင်စုနယ်မြေ(နေပြည်တော်)၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးတို့တွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့်နေအိမ်များကို ပြန်လည်ပြုပြင်ရန်အတွက် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများဖြစ်သည့် ဘိလပ်မြေ၊ J Wood ၊ အမိုးသွပ် (၃၀ ဂိတ်)၊ သစ်မာနှင့် Rebar တို့ကို အိမ်အမျိုးအစားများအလိုက် ထောက်ပံ့ပေးသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း။

မိမိတို့ စက်မှုဝန်ကြီးဌာနအနေဖြင့်လည်း ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို သတ်မှတ်



ပမာဏအတိုင်း ဒေသအလိုက် ထိထိရောက်ရောက် ထောက်ပံ့ပေးအပ်နိုင်ရေး ကြိုတင်စီမံဆောင်ရွက်သွားကြရန် တာဝန်ရှိကြောင်း၊ ပြည်သူများသို့ ထောက်ပံ့ပေးရန်အတွက် အမိုးပြားအချပ်ရေ ၁ ဒသမ ၈၃ သန်းခန့် လိုအပ်မည်ဖြစ်သည့်အတွက် ၎င်းပမာဏရရှိအောင် ဆောင်ရွက်မည့်အစီအမံများနှင့်ပတ်သက်၍ လုပ်ငန်းရှင်များအနေဖြင့် လက်ရှိကုန်ချောလက်ကျန်များအခြေအနေ၊ ထပ်မံထုတ်လုပ်မည့်အစီအမံ၊ ကုန်ကြမ်းလိုအပ်ချက်နှင့် အခြားလိုအပ်ချက်များရှိပါကလည်း ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးကြရန် ပြောကြားလိုကြောင်း၊ ငလျင်ဘေးဒဏ်ခံစားခဲ့ရသည့်ပြည်သူများ ထောက်ပံ့ကူညီနိုင်ရေးအတွက် ယခုအစည်းအဝေးမှ ရလဒ်ကောင်းများရရှိနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ စက်မှုဝန်ကြီးဌာနအနေဖြင့် အများပြည်သူများ လိုအပ်သော အမိုးသွပ်ပြားများ အချိန်မီရရှိရေးအတွက် အစွမ်းကုန်ဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အမိုးသွပ်ပြားလိုအပ်ချက်များနှင့် ထုတ်လုပ်နိုင်မှုအခြေအနေများကိုလည်းကောင်း၊ မြန်မာနိုင်ငံ သံမဏိလုပ်ငန်းရှင်များအသင်း တာဝန်ရှိသူများက အမိုးသွပ်ပြားများ လက်ရှိထုတ်လုပ်နေမှုအခြေအနေ၊ ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအမံများနှင့် လိုအပ်ချက်များကိုလည်းကောင်း၊ တက်ရောက်လာသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ အမိုးသွပ်ပြားများ ထုတ်လုပ်သည့်လုပ်ငန်းရှင်များက စက်ရုံအလိုက် ထုတ်လုပ်ပေးနိုင်မှု၊ လိုအပ်ချက်များ၊ အမိုးသွပ်ပြားများအား ငလျင်ကြောင့် နေအိမ်များပျက်စီးဆုံးရှုံးခဲ့သည့် ပြည်သူများအား ထောက်ပံ့ပေးအပ်မည်ဖြစ်၍ လိုအပ်သော ကုန်ကြမ်းများပေးအပ်ပါက လုံလောက်အောင် ထုတ်လုပ်ပေးမည့် အခြေအနေတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေး၍ နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ သတင်းစဉ်

# လွိုင်ကော်-မိုးဗြဲ-ဖယ်ခုံ-ပင်လောင်း ဆက်သွယ်ရေးလမ်းကြောင်းအား ပြန်လည်ဖွင့်လှစ်ပြီး ဒေသခံပြည်သူများ ပုံမှန်အတိုင်းပြန်လည်နေထိုင်သွားလာနိုင်ရေးအတွက် တပ်မတော်သားများနှင့် နိုင်ငံ့ဝန်ထမ်းများက လမ်းများနှင့် ဆေးရုံတို့အား ပြန်လည်ရှင်းလင်းတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၁၇

KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံ အကြမ်းဖက်သမားများ ထိန်းချုပ်ထားသည့် လွိုင်ကော်-မိုးဗြဲ-ဖယ်ခုံ-ပင်လောင်း ဆက်သွယ်ရေး လမ်းကြောင်းအား တပ်မတော်စစ်ကြောင်းများက အသက်ကို ပဓာနမထားဘဲ ရဲရင့်စွန့်စားစွာ တိုက်ပွဲဝင်ပြီး မြို့ရွာများ ပျက်စီးမှုအနည်းဆုံးဖြစ်အောင် အဆင့်ဆင့်ခြေကုပ်ယူ၍ ချေမှုန်းဆောင်ရွက်ခဲ့ရာ ၎င်းလမ်းကြောင်းအား ၂၀၂၅ ခုနှစ် ဇူလိုင် ၁၁ ရက် မွန်းလွဲပိုင်းတွင် ပြန်လည်ထိန်းချုပ်သိမ်းပိုက်နိုင်ခဲ့ပြီး ဒေသခံပြည်သူများ ပုံမှန်သွားလာလျက်ရှိသည်။



**တက်ရောက်**

အဆိုပါ ဆက်သွယ်ရေးလမ်းကြောင်းကို ပြန်လည်ထိန်းချုပ်နိုင်ရန်အတွက် ရဲရင့်စွန့်စားစွာ တိုက်ပွဲဝင်ခဲ့ကြသည့် ဖယ်ခုံမြို့နယ် ဖယ်ခုံ-မိုးဗြဲ ဒေသအတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများအား ဆန်၊ ဆီ၊ စားသောက်ဖွယ်ရာများနှင့် လူသုံးကုန်ပစ္စည်းများပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် ဖယ်ခုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ပြုလုပ်ရာ အခမ်းအနားသို့ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး နိုင်နိုင်ဦး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖယ်ခုံ-မိုးဗြဲဒေသအတွင်း တာဝန်ထမ်းဆောင်လျက်ရှိသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ နိုင်ငံ့ဝန်ထမ်းများ၊ ဒေသခံတိုင်းရင်းသား ပြည်သူများတက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒုတိယဗိုလ်ချုပ်ကြီး နိုင်နိုင်ဦးတို့က အမှာစကား ပြောကြားကြသည်။ ထို့နောက် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးက ရပ်ရွာတည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေးကိစ္စများကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် တာဝန်ရှိသူတစ်ဦးက ဖယ်ခုံမြို့နယ် ဒေသဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံ့ဝန်ထမ်းများအား ဆန်၊ ဆီ၊ ဆားနှင့် စားသောက်ဖွယ်ရာများပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး နိုင်နိုင်ဦးက လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည်များအား စားသောက်ဖွယ်ရာများနှင့် ပစ္စည်းများချီးမြှင့်ပေးအပ်သည်။ ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်က ဖယ်ခုံတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အကြမ်းဖက်သမားများ ယာယီထိန်းချုပ်ထားစဉ် ဆေးရုံ၌ ဘန်ကာများပြုလုပ်၍ ခံစစ်တံတိုင်းသဖွယ်ပြုလုပ်ခြင်းကြောင့် အပျက်အစီးများ ဖြစ်ပေါ်နေသည့် မိုးဗြဲပြည်သူ့ဆေးရုံသို့ သွားရောက်ကာ ဆေးရုံဖွင့်လှစ်နိုင်ရေးအတွက် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို ကြည့်ရှုပြီး လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသော အရာရှိ၊ စစ်သည်များအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ချီးမြှင့်သည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဖယ်ခုံမြို့နယ် အားကစားကွင်း၌ သန့်ရှင်းရေးဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုကာ ဒေသခံပြည်သူများအား ချီးမြှင့်ငွေများပေးအပ်သည်။ ဆက်လက်ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် လုမယ်တော်ဂူကျောင်းသို့သွားရောက်ကာ သင်းအုပ်ဆရာတော်နှင့် သွားရောက်တွေ့ဆုံပြီး ဆုတောင်းမေတ္တာပို့သကာ အလှူငွေများ ပေးအပ်လှူဒါန်းသည်။ ထို့နောက် ဖယ်ခုံမြို့ပေါ်ရှိ ကျောင်းတိုက်များမှ သံဃာတော်များအားလည်းကောင်း၊ နတ်တောကျောင်းတိုက်ရှိ ကျောင်းထိုင်ဆရာတော်အား ဖူးမြော်ကြည်ညိုပြီး ဝါဆိုသင်္ကန်း၊ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ပေးအပ်လှူဒါန်းသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဖယ်ခုံ-ပင်လောင်းကားလမ်းဝဲ/ယာရှိ ချုံနွယ်ပိတ်ပေါင်းများကို စက်ယန္တရားကြီးများဖြင့် ဖယ်ရှားရှင်းလင်းနေမှုများအား သွားရောက်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဝင်များနှင့် PDF အမည်ခံအဖွဲ့ဝင်များ ဥပဒေဘောင်အတွင်း ဝင်ရောက်

နေပြည်တော် ဇူလိုင် ၁၇

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသူများကိုလည်း လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိပြီး လက်နက်/ခဲယမ်းများဖြင့် ဝင်ရောက်လာသူများအား ဆုကြေးငွေများ သီးသန့်ချီးမြှင့်ပေးလျက်ရှိသည်။



ထို့ပြင် PDF အမည်ခံအကြမ်းဖက်အဖွဲ့ဝင်များနှင့် အကြမ်းဖက်မှုကိုလိုလားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဝင်အချို့သည် ပြည်သူအတွက်ဟူ၍ အကြောင်းပြချက်ဖြင့် ၎င်းတို့၏ ကိုယ်ကျိုးစီးပွားအတွက် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ခြင်း၊ ပြည်သူလူထုအား ခြိမ်းခြောက်ခြင်း၊ သတ်ဖြတ်ခြင်း၊ ကျောင်းသား ကျောင်းသူ ကလေးသူငယ်များပါမချန် ခြိမ်းခြောက်သတ်ဖြတ်ခြင်းနှင့် အများပြည်သူနှင့်သက်ဆိုင်သည့် နေရာများ၊ စာသင်ကျောင်းများ၊ ဆေးရုံများနှင့် လမ်းတံတားများအား မိုင်းထောင်ဖောက်ခွဲခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်မှုများကြောင့် ပြည်သူလူထုကလည်း ထောက်ခံအားပေးမှုမရှိခြင်း၊ ၎င်းတို့အဖွဲ့များအချင်းချင်းတွင်လည်း အနိုင်ကျင့်ဗိုလ်ကျမှုများ၊ အဓမ္မမှုများကျူးလွန်ခြင်းတို့ ရှိလာခဲ့ခြင်းအပေါ် လက်ခံနိုင်ခြင်းမရှိတော့ဘဲ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ရန် စိတ်အားထက်သန်လျက်ရှိကြောင်း သိရသည်။

၎င်းအပြင် တပ်မတော်အနေဖြင့်လည်း ပြည်သူလူထုအေးချမ်းစွာနေထိုင်နိုင်ရေးအတွက် တိုင်းစစ်ဌာနချုပ်နယ်မြေများအလိုက် အကြမ်းဖက်ချေမှုန်းရေး စစ်ဆင်ရေး (Counter- Terrorism Operation) များကို ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၆ ရက်တွင်လည်း အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားသည့် တောင်ခမ်းဒေသတစ်ဝိုက်နှင့် နောင်ချိုမြို့တို့ကို တပ်မတော်က အပြီးတိုင်ပြန်လည်ထိန်းချုပ်နိုင်ခဲ့မှုအပေါ် ဒေသခံပြည်သူများအနေဖြင့် တပ်မတော်အပေါ် ယုံကြည်အားကိုးမှုများ၊ စိတ်အားထက်သန်စွာ အားပေးထောက်ခံမှုများ ပြုလုပ်လာကြပြီး အကြမ်းဖက်သမားများ၏ သတင်းများကို အချိန်နှင့်တစ်ပြေးညီ နီးစပ်ရာ တပ်မတော်စစ်ကြောင်းများထံသို့ သတင်းပေးပို့ခြင်း၊ တပ်မတော်နှင့်အတူ ပူးပေါင်းဆောင်ရွက်ခြင်း၊ ပြည်သူလူထု၏ ၎င်းတို့အပေါ် ထောက်ခံအားပေးမှု မရရှိခြင်းတို့ကြောင့် ပြည်သူများက လက်ခံခြင်းမရှိသည့် ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များအပေါ် စိတ်ပျက်နောင်တရသည့်အပြင် နိုင်ငံတော်နှင့်တပ်မတော်၏ သဘောထားအမှန်တို့ကို နားလည်သဘောပေါက်လက်ခံလာခြင်းတို့ကြောင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ဝင်အချို့နှင့် PDF အမည်ခံအဖွဲ့ဝင်အချို့တို့သည် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် နယ်မြေအလိုက်ရှိ နီးစပ်ရာတပ်စခန်းများ၊ တာဝန်ရှိသူများနှင့် ချိတ်ဆက်၍ ဥပဒေဘောင်အတွင်း ဝင်ရောက်လျက်ရှိကြသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ဝင်ရောက်လျက်ရှိရာ TNLA အဖွဲ့ဝင် အမျိုးသားလေးဦး၊ DPLA အဖွဲ့မှ အဖွဲ့ဝင် အမျိုးသားငါးဦးနှင့် MDY-PDF အမျိုးသားသုံးဦး၊ အမျိုးသမီးနှစ်ဦး၊ စုစုပေါင်း အမျိုးသား ၁၂ ဦး၊ အမျိုးသမီးနှစ်ဦးတို့သည် ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်လိုခြင်း၊ တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား ယုံကြည်လက်ခံခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်အား စွန့်လွှတ်ပြီး နီးစပ်ရာ တပ်မတော်စခန်းများမှတစ်ဆင့် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာခဲ့ရာ ၎င်းတို့အား တာဝန်ရှိသူများက ပြန်လည်လက်ခံ၍ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးခဲ့ပြီး မိဘအုပ်ထိန်းသူများထံသို့ ပြန်လည်လွှဲပြောင်းအပ်နှံခဲ့ကြောင်း သိရသည်။

ထို့ပြင် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရသည့်အတွက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပြီး လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

❑ မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်း အသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# မန္တလေးမြို့ မစိုးရိမ်တိုက်သစ်မှ ပရိယတ္တိသာသနဟိတဓမ္မာစရိယဝင့်သကာဘွဲ့ရနှင့် သာသနဓဇဓမ္မာစရိယ(အဂ္ဂမဟာအကျော်) အထူးအောင်သံဃာတော်များကို ရွှေတံဆိပ်နှင့် စာအောင်ဂုဏ်ပြုလှူဒါန်းပူဇော်ပွဲ အခမ်းအနား ကျင်းပ

**မန္တလေး ဇူလိုင် ၁၇**

မန္တလေးမြို့၊ မစိုးရိမ်တိုက်သစ်မှ ၂၀၂၅ ခုနှစ် မန္တလေးမြို့ ပရိယတ္တိသာသနဟိတအသင်းစာမေးပွဲ၊ အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲတို့တွင် ထူးချွန်စွာအောင်မြင်ခဲ့ပြီး ပရိယတ္တိသာသနဟိတဓမ္မာစရိယဝင့်သကာဘွဲ့ရနှင့် သာသနဓဇဓမ္မာစရိယ(အဂ္ဂမဟာအကျော်) အထူးအောင် သံဃာတော်များအား ရွှေတံဆိပ်နှင့် စာအောင်ဂုဏ်ပြုလှူဒါန်းပူဇော်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက မဟာအောင်မြေမြို့နယ်၊ မစိုးရိမ်တိုက်သစ်ရှိ ဓမ္မထေရိယသီရိရွှေစင်ကျောင်းတွင် ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယကချုပ် ဓမ္မထေရိယသီရိရွှေစင်ကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ကောသလ္လာဘိဝံသ အမှူးပြုပြီး မစိုးရိမ်တိုက်သစ် နာယကဆရာတော်များ ကြွရောက်ချီးမြှင့်တော်မူခဲ့သည်။






အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ အလှူရှင်များဖြစ်သည့် သုဓမ္မမဏိဇောတဓရ ဦးအောင်နိုင်ဆွေ+အဂ္ဂမဟာသီရိသုဓမ္မသီဂီ ဒေါ်မြင့်မြင့်နွယ် (သီရိရွှေစင် စိန်ရွှေရတနာဆိုင်မိသားစု) နှင့် ဖိတ်ကြားထားသည့် ဧည့်ပရိသတ်များ တက်ရောက်ကြည်ညိုကြကာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ခဲ့သည်။

၎င်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယကချုပ် ဆရာတော်ထံက ရှစ်ပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြပြီးနောက် ဆရာတော်ကြီးထံသို့ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အလှူရှင် သီရိရွှေစင် စိန်ရွှေရတနာဆိုင် မိသားစုတို့က ဝါဆိုသင်္ကန်း အစရှိသော လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ၁၃၈၇ ခုနှစ် ဝါဆိုလဆန်း ၄ ရက်နေ့မှ ၈ ရက်နေ့အထိ ကျင်းပခဲ့သော မန္တလေးမြို့ ပရိယတ္တိသာသနဟိတအသင်း စာမေးပွဲတွင် သီးခြားစာသင်တန်း၊ သီးခြားစာချတန်းကို နှစ်မခြားဘဲ အောင်မြင်ခဲ့သော (၃၉)နှစ်ကြာမှ ပေါ်ထွန်းခဲ့သည့် (၁၀)ပါးမြောက် ပရိယတ္တိသာသနဟိတဓမ္မာစရိယဝင့်သကာဘွဲ့ရ မစိုးရိမ်တိုက်သစ်၊ ဓမ္မဝိနယရုံသီကျောင်းမှ သက်တော်(၂၃)နှစ်၊ သိက္ခာတော်(၃)ဝါရှိ အရှင်ဃောသိတာလင်္ကာရာဘိဝံသနှင့် အစိုးရဓမ္မာစရိယစာမေးပွဲ၌ တစ်နိုင်ငံလုံးအမှတ်အများဆုံးဖြင့် အောင်မြင်ခဲ့သည့် သာသနဓဇဓမ္မာစရိယ(အဂ္ဂမဟာအကျော်)ဘွဲ့ရ မစိုးရိမ်တိုက်သစ်၊ ဓမ္မဝိနယရုံသီကျောင်းမှ သက်တော်(၂၀)နှစ်၊ သိက္ခာတော်(၁)ဝါရှိ အရှင်ဇနကာလင်္ကာရတို့အား တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် သီရိရွှေစင် စိန်ရွှေရတနာဆိုင် မိသားစုတို့က ရွှေတံဆိပ်နှင့် ဂုဏပူဇာ နဝကမ္မဝတ္ထုငွေများကို ဆက်ကပ်လှူဒါန်းပူဇော်ခဲ့သည်။

၎င်းနောက် သီရိရွှေစင် စိန်ရွှေရတနာဆိုင် မိသားစုက အဘိဝံသပရိယတ္တိသာသနဟိတဓမ္မာစရိယဘွဲ့ရ မစိုးရိမ်တိုက်သစ်မှ အရှင်မြတ်(၃)ပါးဖြစ်သည့် ဓမ္မသမိဒ္ဓိ(ဆွမ်း)ကျောင်းမှ အရှင်တေဇာနန္ဒာဘိဝံသ၊ ဓမ္မဝိနယရုံသီကျောင်းမှ အရှင်ဓမ္မာနန္ဒာလင်္ကာရာဘိဝံသနှင့် အရှင်သူရိယာလင်္ကာရာဘိဝံသ၊ အစိုးရဓမ္မာစရိယစာမေးပွဲတွင် ဒုတိယအမှတ်အများဆုံးဖြင့် အောင်မြင်ခဲ့သည့် သာသနဓဇဓမ္မာစရိယဘွဲ့ရ ဓမ္မ

**စာမျက်နှာ ၉ သို့** ✡



(နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယကချုပ်ဆရာတော်ထံ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်း)



(နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယကချုပ်ဆရာတော်ထံ နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်း)



(ပရိယတ္တိသာသနဟိတဓမ္မာစရိယဝင့်သကာဘွဲ့ရ အရှင်ဃောသိတာလင်္ကာရာဘိဝံသထံ ရွှေတံဆိပ် ဆက်ကပ်လှူဒါန်း)



(သာသနဓဇဓမ္မာစရိယ(အဂ္ဂမဟာအကျော်)ဘွဲ့ရ အရှင်ဇနကာလင်္ကာရထံ ရွှေတံဆိပ် ဆက်ကပ်လှူဒါန်း)

✡ စာမျက်နှာ ၈ မှ

ထေရိယကျောင်းမှ အရှင်ဉာဏဝရ၊ အစိုးရပါဠိပထမပြန်စာမေးပွဲတွင် ပထမလတ်တန်းကို တစ်နိုင်ငံလုံး အမှတ်အများဆုံး(ပထမ)ဖြင့် အောင်မြင်ခဲ့သည့် ရှင်ကောဝိဒ၊ အခြေပြုမူလတန်းတွင် တစ်နိုင်ငံလုံး တတိယဖြင့် အောင်မြင်ခဲ့သည့် အရှင်ဣန္ဒကတို့အား ဂုဏ်ပူဇာနဝကမ္မဝတ္ထုငွေများကို ဆက်ကပ်လှူဒါန်းပူဇော်ခဲ့သည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင်၊ မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက ဓမ္မသမိဒ္ဓိကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသဆရာတော်ထံက အနုမောဒနာတရား နာယူကြည်ညို၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှအတန်းပေးဝေပြီး ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း၊ ယနေ့အခမ်းအနား၌ ရွှေတံဆိပ်အပါအဝင် လှူဒါန်းမှု စုစုပေါင်းတန်ဖိုးငွေကျပ်သိန်း ၈၀၀ ကျော် လှူဒါန်းခဲ့ကြောင်းနှင့် နေ့ဆွမ်းများ ဆက်ကပ် လှူဒါန်းခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**




(နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယကချုပ်ဆရာတော်ထံ နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်း)



(နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယကချုပ်ဆရာတော်ထံ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း)



(ပရိယတ္တိသာသနဟိတဓမ္မာစရိယဝင့်သကာဘွဲ့ရ အရှင်ဃောသိတာလင်္ကာရာဘိဝံသထံ ရွှေတံဆိပ် ဆက်ကပ်လှူဒါန်း)



(သာသနဓဇဓမ္မာစရိယ(အဂ္ဂမဟာအကျော်)ဘွဲ့ရ အရှင်ဇနကာလင်္ကာရထံ ရွှေတံဆိပ် ဆက်ကပ်လှူဒါန်း)

## ကျောင်းကျန်းမာရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ပွင့်ဖြူ ဇူလိုင် ၁၇**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၌ ၂၀၂၅ - ၂၀၂၆ ပညာသင်နှစ်အခြေခံပညာကျောင်းများရှိ ကျောင်းနေအရွယ်ကလေးများ ကိုယ်ကာယကျန်းမာကြံ့ခိုင်ပြီး ကျန်းမာပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားနိုင်ရေးအတွက် ကျောင်းကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်ပြုလုပ်သည့် ကျောင်းကျန်းမာရေးကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၁၅ ရက် မွန်းလွဲ ၂ နာရီက မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပွင့်ဖြူမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလင်းလင်းအောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာရဲလင်းတိုးက မြို့နယ်အတွင်းရှိ ကျောင်းသား၊ ကျောင်းသူများနှင့် ကျောင်းနေအရွယ်ကလေးများ ကျန်းမာရေးအသိပညာဗဟုသုတတိုးပွားစေရန်နှင့် ကျန်းမာပျော်ရွှင်စွာ ပညာဆည်းပူးသင်ကြားနိုင်ရေးအတွက် အကောင်အထည်ဖော် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည့် ကျောင်းကျန်းမာရေးလုပ်ငန်း ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ပညာရေးမှူး ဒေါ်မြင့်မြင့်သိန်းက ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းကျန်းမာရေးလုပ်ငန်းများ အဆင်ပြေစွာ ဆောင်ရွက်သွားနိုင်ရေးအတွက် ပညာရေးဌာနမှ ပူးပေါင်းဆောင်ရွက်မည့်အခြေအနေများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာမိုးသစ်ထွန်း(ကျောင်းကျန်းမာရေးဆရာဝန်)က ကျောင်းကျန်းမာရေးပြုစုစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်မည့်အစီအစဉ်များကို ဆွေးနွေးပြောကြားသည်။ ထို့နောက် မြို့နယ်ပြည်သူ့ကျန်းမာရေးမှူး အဆင့်(၁) ဦးမောင်မောင်ချမ်းသင်က ကျောင်းအခြေပြုကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများ ဆောင်ရွက်မည့်အခြေအနေများကို အသေးစိတ် ရှင်းလင်းဆွေးနွေးပြောကြားသည်။

ယင်းနောက် တက်ရောက်လာသည့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ဆရာ၊ ဆရာမများက မြို့နယ်အတွင်း ဆောင်ရွက်မည့် ကျောင်းကျန်းမာရေးဆိုင်ရာလုပ်ငန်းများနှင့် စပ်လျဉ်း၍ ပူးပေါင်းလုပ်ဆောင်မည့် အခြေအနေများနှင့် လုပ်ဆောင်သင့်သည့်အချက်များကို ဝိုင်းဝန်းအကြံပြုဆွေးနွေးတင်ပြကြပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**(၄၄၅)**

## ရွှေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် စာအုပ်၊ စာစောင်များ ငှားရမ်းပေး

**ပျဉ်းမနား ဇူလိုင် ၁၇**

ပျဉ်းမနားမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ရွှေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် စာဖတ်သူများလက်ဝယ်အရောက် စာအုပ်များလိုက်လံငှားရမ်းပေးခြင်းကို ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်းရှိ အခြေခံပညာကျောင်းများနှင့် ရပ်ကွက်၊ ကျေးရွာများအရောက် လိုက်လံငှားရမ်းပေးလျက်ရှိရာ ဇမ္ဗူသီရိမြို့နယ် အမှတ်(၂၂)အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ငှားရမ်းပေးခဲ့သည်။

စာအုပ်ငှားရမ်းဖတ်ရှုသူများ အဆင်ပြေစေရေးအတွက် ရွှေ့လျားစာကြည့်တိုက်မော်တော်ယာဉ်၌ သုတ၊ ရသစာအုပ်မျိုးစုံ ၂၂၀၀ ကျော်စီစဉ်ထားရှိပြီး စာအုပ်အသစ်များကိုလည်း စဉ်ဆက်မပြတ် လဲလှယ်ဖြည့်ဆည်းပေးလျက်ရှိကြောင်းနှင့် ယခုငှားရမ်းပေးခဲ့သော စာအုပ်များကို ရက်သတ္တတစ်ပတ်ပြည့်လျှင် ပြန်လည်အပ်နှံကာ စာအုပ်အသစ်များကို ထပ်မံငှားရမ်းပေးသွားမည်ဖြစ်သည်။

ပျဉ်းမနားမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှဝန်ထမ်းများက ပြည်သူများ စာပေအလွယ်တကူဖတ်ရှုနိုင်စေရေးအတွက် ရွှေ့လျားစာကြည့်တိုက်မော်တော်ယာဉ်ဖြင့် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်းရှိ အခြေခံပညာကျောင်းများနှင့် ရပ်ကွက်၊ ကျေးရွာများအရောက် လိုက်လံငှားရမ်းပေးခြင်းဖြစ်ပြီး မြို့နယ်ပြည်သူ့စာကြည့်တိုက်တွင်လည်း မည်သူမဆို အခမဲ့လာရောက်ငှားရမ်းဖတ်ရှုနိုင်ကြောင်း သိရသည်။

**(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**



# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်း မြို့အဝင် သန့်ရှင်းသာယာလှပရေးအတွက် ကတ္တရာလမ်း ရေဆေးသန့်ရှင်းခြင်းနှင့် စိမ်းလန်းစိုပြည်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေး





**မန္တလေး ဇူလိုင် ၁၇**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်းသည် လမ်းတံတားဌာနနှင့် သန့်ရှင်းရေးဌာနတို့မှ ဌာနမှူးများ လိုက်ပါကာ ယနေ့နံနက်ပိုင်းက ပြည်ကြီးတံခွန်မြို့နယ်၊ တံခွန်တိုင်အဝိုင်းသို့ ရောက်ရှိကြပြီး မြို့အဝင် သန့်ရှင်းသာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းစီမံချက်ဖြင့် တံခွန်တိုင်အဝိုင်းပတ်လည် ကတ္တရာလမ်းနှင့် ရန်-မန်းလမ်းတစ်လျှောက် ကတ္တရာလမ်း ရေဆေးသန့်ရှင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

မြို့အဝင် အဓိကနေရာဖြစ်သည့် တံခွန်တိုင်အဝိုင်းပတ်လည် ကတ္တရာလမ်းအား (Bobcat) တံမြက်လှည်းယာဉ်(၂)စီး၊ ရေကား (၂)စီး၊ သန့်ရှင်းရေးဌာန လုပ်သားများဖြင့် ရေဆေးသန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကာ မြို့တော်ဝန်က မြို့ပေါ် အဓိကလမ်းမကြီးများတွင် လမ်းလယ်ကျွန်းများ၌ သဲ၊ ဖုန် ကင်းစင်ပြီး သန့်ရှင်းနေစေရန်၊ ယာဉ်ကြောပြ အမှတ်အသားဆေးလိုင်းများ ထင်ထင်ရှားရှား မြင်တွေ့နေစေရန်တို့အတွက် အပတ်စဉ် ရေဆေးသန့်ရှင်းရေးလုပ်ငန်းများအား လမ်းမကြီးများတစ်လျှောက်နှင့် လမ်းပိုင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် ယာဉ်သွားလာမှုနှင့် လမ်းအသုံးပြုသည့်ယာဉ်များ ယာဉ်ကြောပိတ်ဆို့မှုမဖြစ်စေရေးအတွက် လမ်းလွှဲများ စနစ်တကျ စီစဉ်ဆောင်ရွက်ရန်လိုအပ်ကြောင်းကို လမ်းတံတားဌာန ဌာနမှူးနှင့် တာဝန်ခံအင်ဂျင်နီယာအဖွဲ့အား မှာကြားခဲ့သည်။

ဆက်လက်၍ မြို့တော်ဝန်သည် တံခွန်တိုင်အဝိုင်းရှိ စိမ်းလန်းစိုပြည်ရေးအတွက် စိုက်ပျိုးထားသည့် ပန်းအလှပင်များအား ညီညာလှပနေစေရန် ပုံသွင်းအလှဆင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုနှင့် အဝိုင်းပတ်အဆင့်ဆင့်ရှိ ပန်းဝိုင်းများအား ပေါင်းသင်၊ မြေဆွပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုများ၊ အဝိုင်းပတ်ရှိ မြို့အဝင် သင်္ကေတနန်းမြို့ပုံစံ အဆောက်အအုံ လျှပ်စစ်ကြောင့် ပျက်စီးမှုများအား ကြည့်ရှုကာ အမြန်ဆုံးပြုပြင်ပေးရေး ကိစ္စရပ်များအား စီစဉ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

## ရေဘေးသင့်အိမ်ထောင်စုများအတွက် ဆန်ရိက္ခာဖိုးငွေများ ပေးအပ်



**မင်းဘူး ဇူလိုင် ၁၇**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူး(စကု) မြို့နယ်၌ ဇရာဝတီမြစ်ရေ ဝင်ရောက်မှုများကြောင့် ယာယီ ရေဘေးရှောင် ကယ်ဆယ်ရေးစခန်းများသို့ ပြောင်းရွှေ့နေထိုင်ကြရသည့် ရေဘေးသင့် အိမ်ထောင်စုများအတွက် ဆန်ရိက္ခာဖိုးငွေများ ပေးအပ်ပွဲကို ဇူလိုင် ၁၅ ရက် မွန်းလွဲ ၁ နာရီခွဲက မန်းကျိုးကျေးရွာအုပ်စုရှိ ပေတောဘုန်းတော်ကြီးကျောင်းမှော်ရုံ၌ ကျင်းပသည်။

ရှေးဦးစွာ မင်းဘူးခရိုင် မြို့နယ်သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက မန်းကျိုးကျေးရွာအုပ်စု ပေတောဘုန်းတော်ကြီးကျောင်းသို့ သွားရောက်၍ ကျောင်းထိုင်ဆရာတော်အား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ရေဘေးသင့်ပြည်သူများအတွက် ဆန်ရိက္ခာဖိုးငွေ ပေးအပ်ပွဲကို ကျင်းပရာ မင်းဘူးခရိုင် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးလွင်က အဖွင့်အမှာစကားပြောကြားပြီး မင်းဘူးခရိုင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်အင်ကြင်းစုအောင်က ရေဘေးသင့်ပြည်သူများအား ဆန်ရိက္ခာဖိုးငွေများ ပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ တာဝန်ရှိသူများက ထုံမကြီးကျေးရွာ၌ ဇူလိုင် ၁၃ ရက်နှင့် ၁၄ ရက်များတွင် ဖြစ်ပွားခဲ့သော ရေဘေးသင့် အိမ်ထောင်စု ၈၆ စုမှ လူဦးရေ ၂၀၈ ဦးတို့အတွက် ဆန်ရိက္ခာဖိုး ငွေကျပ် ၁၀၄၀၀၀၀ ကို ရေဘေးသင့်ပြည်သူများထံ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြသည်။

မင်းဘူး(စကု)မြို့နယ်၌ ဇူလိုင် ၁၅ ရက်အထိ ဧရာဝတီမြစ်ရေ ဝင်ရောက်မှုကြောင့် မြစ်ကမ်းဘေးတစ်လျှောက် မြေနိမ့်ပိုင်းဒေသများ၌ နေထိုင်လျက်ရှိသော မန်းကျိုးကျေးရွာအုပ်စု၊ ထုံမကြီးကျေးရွာမှ အိမ်ထောင်စု ၉၈ စု၊ လူဦးရေ ၂၄၈ ဦး နှင့် ကျွဲ၊ နွား တိရစ္ဆာန်များကို သံကန်တန်း(၇)၊ ကျောက်ကုန်း၊ အောက်ကျောင်းစသည့် ရေဘေးလွတ်ရာ ကုန်းမြင့်နေရာဒေသများ၌ ယာယီ ရေဘေးရှောင် ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်၍ ပြောင်းရွှေ့နေရာချထားပေးလျက်ရှိကြောင်း၊ အဆိုပါရေဘေးရှောင်စခန်းများ သို့ ထပ်မံပြောင်းရွှေ့ရသည့် ကျန်အိမ်ထောင်စုများကို စာရင်းများကောက်ယူ၍ ဆန်ရိက္ခာဖိုးငွေ များ ဆက်လက်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

(၅၀၀)

## ငလျင်ဘေးအန္တရာယ် အသိပညာပေးဆွေးနွေးပွဲ (Talk Show) ကျင်းပ

**တောင်တွင်းကြီး ဇူလိုင် ၁၇**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ပြည်သူ့စာကြည့်တိုက်တွင် သတိပြုကာကွယ် ငလျင်ဘေးအန္တရာယ်အကြောင်း အသိပညာပေးဆွေးနွေးပွဲ(Talk Show)ကို ယမန်နေ့ မွန်းလွဲ ၂နာရီက ကျင်းပရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမိုးမိုးမြင့်က အသိပညာပေးဆွေးနွေးပွဲ(Talk Show)ကျင်းပရခြင်း ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် ဆွေးနွေးပွဲကိုကျင်းပရာ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခိုင်မိုမို ဇင်က ငလျင်ဘေးအန္တရာယ်နှင့်ပတ်သက်၍ ငလျင်မလှုပ်မီ သိရှိဆောင်ရွက်ထားရန်အချက်များ၊ ငလျင်လှုပ်နေစဉ် ဆောင်ရွက်ရန်အချက်များ၊ ငလျင်လှုပ်ပြီးနောက် ဆောင်ရွက်ရန်အချက်များ၊ ကြိုတင်ပြင်ဆင်ရန်အချက်များ၊ ငလျင်လှုပ်နေစဉ် အဆောက်အအုံအတွင်းရှိပါက သတိပြုလိုက်နာရမည့်အချက်များနှင့် ငလျင်လှုပ်စဉ် အဆောက်အအုံအပြင်တွင်ရှိပါက သတိပြုလိုက်နာရမည့်အချက်များအား ဆွေးနွေးခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲ(Talk Show)ကို ပြည်သူများ ငလျင်ဘေးအန္တရာယ်နှင့်ပတ်သက်၍ အသိပညာဗဟုသုတရရှိစေရန် အတွက် တောင်တွင်းကြီးမြို့နယ် ပြည်သူ့စာကြည့်တိုက် page တွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**နောင်နောင်(မိဿနီးမြေ)**

၀-၀-၀-၀-၀

## အ.ထ.က(မြိုင်)တွင် လူငယ်စကားဝိုင်း ကျင်းပ

**ရွာငံ ဇူလိုင် ၁၇**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းကို အ.ထ.က(မြိုင်) ခွာညှိခန်းမတွင် ဇူလိုင် ၁၅ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ပြည့်ဖြိုးသန့်က လူငယ်စကားဝိုင်း ကျင်းပရသည့်ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်နီနီမြင့်က ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး အ.ထ.က(မြိုင်)ကျောင်းသား၊ ကျောင်းသူများက လူငယ်နှင့် မူးယစ်ဆေးဝါးခေါင်းစဉ်ဖြင့် Grade-10 မှ မောင်ထက်သူရအောင်၊ လူငယ်နှင့်ဆိုရှယ်မီဒီယာခေါင်းစဉ်ဖြင့် Grade - 10 မှ မစိုးကဗျာ၊ လူငယ်နှင့်လူကုန်ကူးမှုအန္တရာယ် ခေါင်းစဉ်ဖြင့် Grade-11 မှ မဇွန်မီမီအောင်၊ လူငယ်နှင့် ယဉ်ကျေးမှုခေါင်းစဉ်ဖြင့် Grade-11 မှ မတာတာဝင်း၊ လူငယ်နှင့်စာပေ ခေါင်းစဉ်ဖြင့် Grade - 10မှ မစိုးသီရိကျော်တို့က အသီးသီး ဆွေးနွေးကြပြီး ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။ စကားဝိုင်းတွင် ပါဝင်ဆွေးနွေးသည့် ကျောင်းသား၊ ကျောင်းသူများအား ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိက အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

အဆိုပါ စကားဝိုင်းဆွေးနွေးပွဲသို့ အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူ ၂၂၀ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ)

(၃၃၈)



# နိုင်ငံတကာ အားကစား သတင်းများ

## ပီထရိုဗစ်ကို စတာလင်ပေါင် ၂၅ သန်းဖြင့် ဘုန်းမောက်အသင်း ခေါ်ယူ




**လန်ဒန် ဇူလိုင် ၁၇**

ဘုန်းမောက်အသင်းသည် ချဲလ်ဆီးအသင်းဂိုးသမား ပီထရိုဗစ်ကို စတာလင်ပေါင် ၂၅ သန်းဖြင့် ခေါ်ယူနိုင်ခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၂၅)နှစ်အရွယ်ရှိ ဂိုးသမားသည် ပြီးခဲ့သည့် ဘောလုံးရာသီက ချဲလ်ဆီးအသင်းမှ စထာရာဘော့အသင်းသို့ အငှားဖြင့် သွားရောက်ကစားပြီး ပြိုင်ပွဲစုံ ၃၁ပွဲကစားကာ အကောင်းဆုံး လက်စွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဘုန်းမောက်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ဘုန်းမောက်အသင်းထုတ်ပြန်ချက်တွင် "ပီထရိုဗစ်ကို ခေါ်ယူခဲ့ပါပြီ။ သူဟာ အသင်းအပေါ်များစွာ အထောက်အကူပြုနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ အသင်းအနေနဲ့လည်း လက်ရှိဈေးကွက်အတွင်း ကစားသမားသစ်တွေ ထပ်မံခေါ်ယူအားဖြည့်သွားဦးမှာပါ"ဟု ထုတ်ပြန်သည်။ **(ဝဲပုံ)(NGB)**

## အက်သလက်တီကိုမက်ဒရစ်အသင်း ဂျွန်နီကာဒိုဆိုအား ခေါ်ယူ

**မက်ဒရစ် ဇူလိုင် ၁၇**

အက်သလက်တီကိုမက်ဒရစ်အသင်းသည် ဘက်တစ်အသင်း ကွင်းလယ်ကစားသမား ဂျွန်နီကာဒိုဆိုအား ပြောင်းရွှေ့ကြေး ယူရို သန်း ၃၀ ဝန်းကျင်ဖြင့်ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၂၃)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် အက်သလက်တီကိုမက်ဒရစ် အသင်းနှင့်အတူ ၂၀၃၀ခုနှစ်အထိ စာချုပ် ချုပ်ဆိုခဲ့သည်။

ကွင်းလယ်ကစားသမား ဂျွန်နီကာဒိုဆိုသည် ဘက်တစ်အသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၄၅ ပွဲကစားပြီး လေးဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အက်သလက်တီကိုမက်ဒရစ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အက်သလက်တီကိုမက်ဒရစ်အသင်းသည် လက်ရှိဈေးကွက်အတွင်းတွင် ကစားသမားငါးဦးအထိ ခေါ်ယူအားဖြည့်ထားပြီးဖြစ်သည်။ **(အောက်ပုံ)(NGB)**




## ရှာခါကို ခေါ်ယူရန် ဆန်းဒါးလန်းအသင်း စိတ်ဝင်စား


**လန်ဒန် ဇူလိုင် ၁၇**

လာမည့် ဘောလုံးရာသီအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နေသည့် ပရီးမီးယားလိဂ်တန်းတက်ကလပ် ဆန်းဒါးလန်းအသင်းသည် လေဗာကူဆင်အသင်းကွင်းလယ်ကစားသမား ရှာခါကို ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

အသက်(၃၂)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် လေဗာကူဆင်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၉၉ ပွဲကစားပြီး ခြောက်ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဆန်းဒါးလန်းအသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား ရှာခါကိုယ်တိုင်ကလည်း ပရီးမီးယားလိဂ်သို့ ကစားရမည့် အခွင့်အရေးဖြစ်ခြင်းကြောင့် ဆန်းဒါးလန်းအသင်း၏ ကမ်းလှမ်းလာမှုကို လက်ခံစဉ်းစားသွားဖွယ်ရှိနေသည်။

ထို့ကြောင့် ဆန်းဒါးလန်းအသင်းအနေဖြင့် ရှာခါကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(အောက်ပုံ)(NGB)**






## အီဆက်ခ်အသင်းတွင်သာ ဆက်ရှိသွားမည်ဟု နယူးကာဆယ်အသင်း အတည်ပြု

**လန်ဒန် ဇူလိုင် ၁၇**

တိုက်စစ်မှူး အီဆက်ခ် အသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ကြောင်း၊ အသင်းတွင်သာ ဆက်ရှိသွားမည်ဟု နယူးကာဆယ်အသင်းကအတည်ပြုခဲ့သည်။

အသက်(၂၅)နှစ်အရွယ်ရှိ တိုက်စစ်မှူးကို လက်ရှိအချိန်တွင် လီဗာပူးအသင်းက ခေါ်ယူရန် ကမ်းလှမ်းခဲ့သော်လည်း နယူးကာဆယ်အသင်းက ပယ်ချခဲ့သည်။

တိုက်စစ်မှူး အီဆက်ခ်သည် နယူးကာဆယ်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၀၉ ပွဲကစားပြီး ၆၂ ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

နယူးကာဆယ်အသင်းထုတ်ပြန်ချက်တွင် "အီဆက်ခ်အသင်းမှာပဲ ဆက်ရှိသွားမှာပါ။ သူဟာ အသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ။ သူကိုယ်တိုင်ကလည်း အသင်းမှာ ပျော်ရွှင်နေပါတယ်"ဟု ထုတ်ပြန်သည်။ **(အပေါ်ပုံ)(NGB)**

## ဂိုးသမား မာကိုဘီဇုတ်အား အက်စတွန်ဗီလာအသင်း ခေါ်ယူ

**လန်ဒန် ဇူလိုင် ၁၇**

အက်စတွန်ဗီလာအသင်းသည် ပြင်သစ်လီဂူးကလပ် ဘရက်စ်အသင်း ဝါရင့်ဂိုးသမား မာကိုဘီဇုတ်ကို ငါးနှစ်စာချုပ်ဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ ဂိုးသမားသည် ဘရက်စ်အသင်းနှင့်အတူ ၂၀၂၁-၂၀၂၂ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၄၈ပွဲကစားပြီး အကောင်းဆုံးလက်စွမ်းပြနိုင်ခဲ့ခြင်းကြောင့် အက်စတွန်ဗီလာအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အသက်(၃၄)နှစ်အရွယ်ရှိ ဂိုးသမား မာကိုဘီဇုတ်က "ကျွန်တော် အက်စတွန်ဗီလာအသင်းသို့ ရောက်ရှိခဲ့ပါပြီ။ ကျွန်တော့်ကို နွေးထွေးစွာကြိုဆိုတဲ့ အသင်းတာဝန်ရှိသူအားလုံးကို အထူးကျေးဇူးတင်ပါတယ်။ ပရီးမီးယားလိဂ်မှာ ကစားချင်တဲ့ ကျွန်တော့်ရဲ့ အိပ်မက်တွေလည်း ပြီးပြည့်စုံခဲ့ပါပြီ"ဟု ပြောသည်။ **(အောက်ပုံ)(NGB)**




## 2025 ATV Bancomat Tennis Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ Dalila Spiteri တက်ရောက်

**တူရင် ဇူလိုင် ၁၇**

အီတလီနိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 ATV Bancomat Tennis Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ အိမ်ရှင် အီတလီ တင်းနစ်မယ် Dalila Spiteri တက်ရောက်ခဲ့သည်။

အဆိုပါ အိမ်ရှင် အီတလီ တင်းနစ်မယ် Dalila Spiteri သည် 2025 ATV Bancomat Tennis Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်တွင် ရုရှားတင်းနစ်မယ် Tatiana Prozorova အား ၆-၇၊ ၇-၅၊ ၆-၂ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။



2025 ATV Bancomat Tennis Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် အီတလီ တင်းနစ်မယ် Dalila Spiteri နှင့် ဆလိုဗက်ကီးယား တင်းနစ်မယ် Tamara Zidansek တို့ ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။ **(ဝဲပုံ) (NGB)**

## ဘယ်လင်ဟမ် ပခုံးဒဏ်ရာခွဲစိတ်မှုအောင်မြင်ခဲ့ပြီးနောက် သုံးလနီးပါးလောက်အထိ ထပ်မံအနားယူရဦးမည်

**မက်ဒရစ် ဇူလိုင် ၁၇**

ရီးရဲလ်မက်ဒရစ်အသင်း ကွင်းလယ်ကစားသမား ဘယ်လင်ဟမ်သည် ယနေ့တွင် ပခုံးဒဏ်ရာအား ခွဲစိတ်မှုအောင်မြင်ခဲ့ပြီး နောက်ထပ် သုံးလနီးပါးလောက်အထိ ထပ်မံအနားယူသွားရဦးမည် ဖြစ်သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် နောက်ထပ်သုံးလနီးပါး ထပ်မံအနားယူရမည်ဖြစ်သောကြောင့် ၂၀၂၅-၂၀၂၆ ဘောလုံးရာသီ စပိန်လာလီဂါပွဲစဉ်အချို့ကို လွဲချော်သွားမည်ဖြစ်သည်။

ကွင်းလယ်ကစားသမား ဘယ်လင်ဟမ်အနားယူရမည်ဖြစ်သောကြောင့် ရီးရဲလ်မက်ဒရစ်အသင်း ကွင်းလယ်ပိုင်းအတွက်လည်း ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၂)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား ဘယ်လင်ဟမ်သည် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ပွဲ ၁၀၀ကစားပြီး ၃၈ဂိုးအထိ သွင်းယူထားသည်။ **(အောက်ပုံ)(NGB)**



## ယာမယ်လ် ကျောနံပါတ် (၁၀)ဂျာစီကို ဝတ်ဆင်ကစားမည်

**ဘာစီလိုနာ ဇူလိုင် ၁၇**

ဘာစီလိုနာအသင်း တောင်ပံကစားသမား ယာမယ်လ်သည် အသင်းကစားသမားဟောင်း မက်ဆီ ဝတ်ဆင်ကစားခဲ့သည့် ကျောနံပါတ် (၁၀)ဂျာစီကို ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

အဆိုပါ တောင်ပံကစားသမားသည် ပြီးခဲ့သည့် ဘောလုံးရာသီက ကျောနံပါတ် (၁၉)ဂျာစီကို ဝတ်ဆင်ကစားခဲ့သော်လည်း လာမည့်ဘောလုံးရာသီမှစတင်ကာ ကျောနံပါတ် (၁၀)ဂျာစီကို ပြောင်းလဲဝတ်ဆင်ကစားသွားမည် ဖြစ်သည်။ **(ယာပုံ)**

တောင်ပံကစားသမား ယာမယ်လ်သည် ဘာစီလိုနာအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၀၆ ပွဲကစားကာ ၂၅ ဂိုးအထိ သွင်းယူထားသည်။

အသက်(၁၈)နှစ်အရွယ်ရှိ ယာမယ်လ်က "ကျွန်တော် ကျောနံပါတ် (၁၀)ဂျာစီကို ဝတ်ဆင်ကစားသွားမှာပါ။ ဒီဂျာစီ ဝတ်ဆင်ကစားပြီး လာမယ့်ဘောလုံးရာသီမှာ အသင်းနဲ့အတူ ဆုဖလားများစွာ ရယူသိမ်းပိုက်သွားမှာပါ"ဟု ပြောသည်။ **(NGB)**




## ဘောလုံးသတင်းအတိုအထွာများ

* ဘင်ဖီကာအသင်းသည် ချဲလ်ဆီးအသင်းနှင့်အဆင်မပြေဖြစ်နေသည့် ဂျာအိုဖီးလစ်အား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

* ဘိုင်ယန်မြူးနစ်အသင်းက လူးဝစ်ဒီယက်ဇ်ကို ခေါ်ယူရန် ကမ်းလှမ်းလာမှုအား လီဗာပူးအသင်းက ပယ်ချခဲ့သည်။ **(NGB)**

## အရှေ့တောင်အာရှ ချန်ပီယံရှစ်(ယူ-၂၃)ဘောလုံးပြိုင်ပွဲ(အုပ်စုအဆင့်)ပွဲစဉ်များ

နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | အုပ်စု | ပွဲစဉ် |
|---|---|---|---|
| ၁၈-၇-၂၀၂၅ သောကြာနေ့ | ညနေ၄း၃၀နာရီ | A | ဘရူနိုင်း - မလေးရှား |
| ။ | ည၇း၃၀နာရီ | A | ဖိလစ်ပိုင် - အင်ဒိုနီးရှား |

## ပုဗ္ဗသီရိမြို့နယ် ထုံးဘိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေထုတ်ချေး

**နေပြည်တော် ဇူလိုင် ၁၇**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇေယျာသီရိခရိုင်၊ ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားမိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ကျည်တောင်ကန်ကျေးရွာအုပ်စု၊ ထုံးဘိုကျေးရွာ၌ သတ္တမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇူလိုင် ၁၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ စည်းမျဉ်း၊ စည်းကမ်းများ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၈ ဒသမ ၈၅သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ထုံးဘိုကျေးရွာရှိ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၂ ဦးကို ငွေကျပ် ၁၂ ဒသမ ၃၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၈၈ ဦးကို ငွေကျပ် ၃၆ ဒသမ ၅ သန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၀ ဦးကို မြစိမ်းရောင် ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၈ ဒသမ ၈၅ သန်းကို တစ်ဦးချင်း လက်ဝယ်အရောက် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ) နော်လှူး





## ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**မိုင်းယောင်း ဇူလိုင် ၁၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့နယ်၊ ဝမ်ဘိုးအုပ်စု၊ နားဖန်းကျေးရွာ၌ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသန့်ဇင်မျိုးဦးဆောင်သည့် မြို့နယ်စစ်ကြောင်းကြီး (၅)ကြောင်းသည် ယမန်နေ့က ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ခဲ့ရာ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူးက ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာများ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ ညစ်ညမ်းမှုလျှော့ချရေးဆိုင်ရာ သိကောင်းစရာများကို ဟောပြောသည်။

(အပေါ်ဝဲပုံ)

ဆက်လက်၍ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ပညာရေးမှူးရုံးမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ သက်ဆိုင်ရာကဏ္ဍအလိုက် ပြောကြားကြသည်။

ထို့နောက် တက်ရောက်လာသည့် နားဖန်းကျေးရွာ၊ ဝမ်ဘိုးကျေးရွာ၊ ပါမုန်ကျေးရွာနှင့် ဖကျောက်ကျေးရွာမှ တာဝန်ခံအုပ်ချုပ်ရေးမှူးနှင့် ဒေသခံပြည်သူများက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို ဆွေးနွေးကြပြီး ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူးက တင်ပြချက်များနှင့်ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(စိုင်းအောင်ဇော်လင်း)

## ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေး

**ကျောက်ဆည် ဇူလိုင် ၁၇**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်တွင် ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခြင်းကို ဇူလိုင် ၁၆ ရက် နံနက်ပိုင်းက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ဧရာဝတီကျောင်းဆောင်တွင် ပြုလုပ်ပေးခဲ့သည်။

နိုင်ငံသားစိစစ်ရေးကတ်များပြုလုပ်ပေးရာသို့ ကျောက်ဆည်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကောင်းမြတ်နိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထိုက်ထိုက်ဇော်နှင့်အဖွဲ့ဝင်များ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ထားရွှေနှင့် ဒုတိယမြို့နယ်ပညာရေးမှူး ဦးညွန့်ဝင်းတို့က လုပ်ငန်းများ ဆောင်ရွက်ရာ၌ အခက်အခဲမရှိစေရေး ကွင်းဆင်းကြည့်ရှုဖြည့်ဆည်းပေးခဲ့သည်။

နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးရာတွင် ကျောင်းသား၊ ကျောင်းသူ ၂၄၁ ဦးအား ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပေးလျက်ရှိရာ ကျောင်းအုပ်ဆရာမကြီးဒေါ်ညိုအေးနှင့် ဆရာ၊ ဆရာမများက ပူးပေါင်းဆောင်ရွက်ပေးကာ နေ့ချင်းပြီး ပြုလုပ်ပေးသည့် နိုင်ငံသားစိစစ်ရေးကတ်များအား ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကျောင်းသား၊ ကျောင်းသူများ၏ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်းနှင့် UID ကောက်ယူ ထုတ်ပေးခြင်း လုပ်ငန်းစဉ်များကိုပါ တစ်ပြိုင်တည်း ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ) (၄၈၅)



## လူငယ်နှင့် စာပေအကြောင်း သိကောင်းစရာ အသိပညာပေး Talk Show ကျင်းပ

**ချောက် ဇူလိုင် ၁၇**

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ချောက်မြို့နယ်ရုံးမှ ဦးစီးအရာရှိ ဒေါ်သိမ့်ဝါနှင့် ဒုတိယဦးစီးမှူး ဒေါ်ခင်ချိုချိုဝင်းတို့က လူငယ်နှင့် စာပေအကြောင်း သိကောင်းစရာအသိပညာပေး Talk Show ကို ယမန်နေ့ ညနေက ချောက်မြို့နယ် လူထုအခြေပြုဗဟိုဌာန Community Centre ခန်းမတွင် ကျင်းပသည်။

အဆိုပါ အသိပညာပေးဆွေးနွေးပွဲတွင် ဦးစီးအရာရှိ ဒေါ်သိမ့်ဝါက လူငယ်များ စာအုပ်၊ စာပေများကို တန်ဖိုးထားဖတ်ရှုလိုစိတ်များ ဖြစ်ပေါ်လာစေရန်၊ စာပေ၏ အကျိုးကျေးဇူးကို သိရှိနိုင်စေရန်နှင့် စာပေကို လေးစားမြတ်နိုးတန်ဖိုးထားတတ်စေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဦးစီးအရာရှိ ဒေါ်သိမ့်ဝါနှင့် ဒုတိယဦးစီးမှူး ဒေါ်ခင်ချိုချိုဝင်းတို့က စာပေက လူငယ်များ၏ဘဝကို ပုံဖော်ပေးနိုင်ပြီး အသိပညာ၊ အတွေးအမြင်နှင့် စိတ်ခံစားမှုပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုကြောင်း၊ စာပေ၏အကျိုးပြုပုံများနှင့် လူငယ်များ စာပေကို ဖတ်ရှုလေ့လာသင့်ကြောင်း ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

ကျော်မိုး(ပြန်/ဆက်)




## ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြသ

**နိုလမ် ဇူလိုင် ၁၇**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နိုလမ်မြို့တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အခြေခံပညာမူလတန်းကျောင်း (နောင်ပိန်)တွင် ကလေးအလုပ်သမားပပျောက်ရေးအသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြသခြင်းကို ဇူလိုင် ၁၄ ရက် နံနက် ၁၀ နာရီခွဲက ကျင်းပခဲ့သည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (စာကြည့်တိုက်လက်ထောက်-၃) ဒေါ်ဝေဝေအောင်က ကလေးအလုပ်သမား၏အဓိပ္ပာယ်များ၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များ၊ ကလေးအလုပ်သမားပပျောက်ရေးရည်မှန်းချက်များ စသည်တို့ကို အသိပညာပေးဟောပြောခဲ့သည်။**(အောက်ပုံ)**

ထို့နောက် တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများကို အရွယ်မရောက်သေးသော ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်ထိန်းသိမ်းခြင်း နံရံကပ်စာစောင်များကို ပြသပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ၊ ရာထူးအဆင့်တံဆိပ် တပ်ဆင်ပေး




**မန္တလေး ဇူလိုင် ၁၇**

မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနနှင့် ခရိုင်၊မြို့နယ် မီးသတ်ဦးစီးဌာနမှူးများ လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၁၅ နံနက် ၉ နာရီက မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ၈၁လမ်း နှင့် ၂၉လမ်းထောင့်ရှိ မန္တလေး တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ဗဟိုမီးသတ်စခန်းအစည်းအဝေး ခန်းမတွင် Zoom Meeting ဖြင့် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေး တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်း၊ ဒုတိယတိုင်းဒေသကြီး မီးသတ် ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးဌေးဝင်း၊ မန္တလေးခရိုင် မီးသတ် ဦးစီးမှူး ဦးကျော်ကိုကိုနှင့် မြို့နယ် မီးသတ်ဦးစီးမှူးများ၊ အင်ဂျင် နီယာအဖွဲ့များ တက်ရောက်ကြ ပြီး တိုင်းဒေသကြီး မီးသတ် ဦးစီးမှူး ညွှန်ကြားရေးမှူးက အဖွင့် အမှာစကား ပြောကြားကာ ဒုတိယတိုင်းဒေသကြီး မီးသတ် ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး က ဦး၊ ရေး၊ ထောက်နှင့် ငွေ စာရင်းဆိုင်ရာများကို ပြောကြား သည်။

ထို့နောက် တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးနှင့် ဒုတိယတိုင်း ဒေသကြီး မီးသတ်ဦးစီးမှူးတို့က ဒုတိယမီးသတ်ဦးစီးမှူးရာထူးမှ ဦးစီးအရာရှိရာထူးသို့ တိုးမြှင့် ခန့်ထားသော တပ်ဖွဲ့ဝင်အား ရာထူးအဆင့်တံဆိပ် တပ်ဆင် ပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)(ဝ၄၅)**

## မန္တလေးဘောလုံးသမားဟောင်းများအသင်းနှင့် ရုပ်ရှင်သရုပ်ဆောင်များ ပါဝင်သည့် YH 90 United အသင်းတို့ ချစ်ကြည်ရေးရန်ပုံငွေဘောလုံးပွဲ ကျင်းပမည်

**မန္တလေး ဇူလိုင် ၁၇**

မန္တလေးဘောလုံးသမား ဟောင်းများအသင်း အနေဖြင့် မန္တလေးမြို့ရှိ ငလျင်ဒဏ်သင့် မိဘပြည်သူများအား ကူညီပံ့ပိုးမှု များ ပြုလုပ်ရန်ရည်ရွယ်ချက်ဖြင့် YH 90 United ရုပ်ရှင်သရုပ် ဆောင်များပါဝင်သည့် ဘောလုံး အသင်းနှင့် ချစ်ကြည်ရေးရန်ပုံငွေ ဘောလုံးပွဲကို ဇူလိုင် ၂၀ ရက် (တနင်္ဂနွေနေ့)ညနေ ၄ နာရီတွင် မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ လမ်း၃၀ရှိ ဗထူးအားကစားကွင်း တွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ် သည်။ **(အောက်ပုံ)**

မန္တလေး ဘောလုံးသမား ဟောင်းအသင်းနှင့် ရုပ်ရှင်သရုပ် ဆောင်များပါဝင်သည့် YH 90 United ဘောလုံးအသင်းတို့ ချစ်ကြည်ရေး ရန်ပုံငွေဘောလုံးပွဲ အတွက် ပါဝင်လှူဒါန်းလိုသူများ အနေဖြင့် မန္တလေးဘောလုံးသမား ဟောင်းများအသင်း ဦးမျိုးနိုင် ဖုန်း-၀၉-၂၀၁၁၉၉၉၊ ဦးအေး နိုင် ၀၉- ၅၁၄၈၁၆၄၊ ဦးမြင့် ကိုဦး ၀၉-၂၀၂၄၈၁၁၊ ဦးဝင်း နိုင် ၀၉- ၈၈၁၈၈၁၆၁၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင် ကြောင်း သိရသည်။ **မောင်ပြည်သူ**




## ကျေးလက်နေ အမျိုးသမီးများဘဝဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲ ကျင်းပ

**မိုင်းနောင် ဇူလိုင် ၁၇**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းနောင်မြို့ (Community Center)ခန်းမတွင် ကျေးလက်နေ အမျိုးသမီးများ ဘဝဖွံ့ဖြိုးတိုး တက်ရေးအတွက် ဆွေးနွေးပွဲ ကို ဇူလိုင် ၁၆ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

ရှေးဦးစွာ အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်လှဲ့လှဲ့ရီက ကျေး လက်နေအမျိုးသမီးများအားလုံး ၏ ဘဝဖွံ့ဖြိုးတိုးတက်စေရန်နှင့် အပိုဝင်ငွေရရှိစေရန် တစ်နိုင် တစ်ပိုင် အိမ်တွင်းမှုလုပ်ငန်းများ၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရန်အတွက် သင့်တော်သော လုပ်ငန်းများကို ဝိုင်းဝန်းအကြံပြု ပေးကြရန် ဆွေးနွေးခဲ့သည်။

ဆက်လက်၍ ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နန်းမီးက အမျိုး သမီးငယ်များအတွက် လိုအပ် သော သင်တန်းနေရာများ၊ အကူ အညီများ၊ လက်တွေ့လုပ်ဆောင် ရမည့် လုပ်ငန်းများရှိပါက ကူညီ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဆွေးနွေးကာ အမျိုးသမီးရေးရာ အဖွဲ့ဝင်များနှင့် အပြန်အလှန် ဆွေးနွေးကြသည်။**(အောက်ဝဲပုံ)**

အဆိုပါဆွေးနွေးပွဲတွင် ကျေးလက်နေအိမ်ထောင်ရှင် အမျိုး သမီးများကို အိမ်တွင်းမှုလုပ်ငန်း၊ စက်ချုပ်လုပ်ငန်း၊ ဝါးထမင်း ဘူးရက်လုပ်ခြင်းလုပ်ငန်းများကို စီစဉ်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

၀-၀-၀-၀-၀






## စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲ ကျင်းပ

**ပြင်ဦးလွင် ဇူလိုင် ၁၇**

လူငယ်ကဏ္ဍကိုမြှင့်တင် ဆောင်ရွက်စေရန် ရည်ရွယ်၍ လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီက မန္တလေးတိုင်းဒေသ ကြီး၊ ပြင်ဦးလွင်မြို့နယ် အ.လ.က (၃)တွင်ကျင်းပရာ ကျောင်းအုပ် ဆရာမကြီးက အဖွင့်အမှာစကား ပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြင်ဦးလွင်ခရိုင်ရုံးမှ ဦးစီးအရာရှိ ဒေါ်ခင်နှင်းဆီက ဟောပြောပွဲ ကျင်းပရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြန်မာစာပေ ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ စာရေး ဆရာ ကိုရွှေအောင်သင်းက လူငယ်နှင့်စာပေ ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးသည်။

ထို့နောက် ဟောပြောဆွေး နွေးချက်များကို ကျောင်းသား၊ ကျောင်းသူများအား မေးမြန်းခဲ့ရာ ပြန်လည်ဖြေကြားခဲ့သည်။

ဆက်လက်၍ မေးမြန်း ဆွေးနွေးချက်များအား ပြန်လည် ဖြေကြားပေးခဲ့သော ကျောင်း သား၊ကျောင်းသူများအား ဆုများ ပေးအပ်ချီးမြှင့်ပြီး စာရေးဆရာ ကိုရွှေအောင်သင်းက အ.လ.က (၃)ကျောင်းအား စာအုပ်၊ စာ စောင်များ ပေးအပ်လှူဒါန်းခဲ့ သည်။

ထို့နောက် ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာနမှ တာဝန်ရှိသူများ သည် ကျောင်းသား၊ ကျောင်းသူ များအား အသိအလိမ္မာရဖွယ် သုတ၊ ရသပုံပြင်များ ဖတ်ကြား ခြင်း၊ နံရံကပ်စာစောင်များ၊သုတ ရသစာစောင်များ ခင်းကျင်းပြသ ပြီး အသိပညာပေးလက်ကမ်း စာစောင်များ ဖြန့်ဝေပေးခဲ့သည်။

အဆိုပါ အသိပညာပေး ဟောပြောပွဲသို့ ကျောင်းသား၊ ကျောင်းသူ ၂၀၀ဦး တက်ရောက် ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**သွေးသွေး(ခရိုင်ပြန်/ဆက်)**

၀-၀-၀-၀-၀

## ကန့်ဘလူမြို့၌ နွေစပါး ၈၂၁၅ ဧကအထိ ရိတ်သိမ်းပြီးစီး၊ တစ်ဧကလျှင် ၈၃ ဒသမ ၈၄ တင်းခန့်ထွက်ရှိ

**ကန့်ဘလူ ဇူလိုင် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ ပြည် တွင်း စားနပ်ရိက္ခာဖူလုံစေရေး အတွက် နွေစပါး ၂၂၆၅၄ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါစပါး စိုက်ခင်းများကို ယခုနှစ်မေလ ကုန်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ အထိ ၈၂၁၅ ဧကရိတ်သိမ်းပြီး ဖြစ်ကာ တစ်ဧကလျှင် ၈၃ ဒသမ ၈၄ တင်း ခန့်ထွက်ရှိ ကြောင်း ကန့်ဘလူမြို့နယ် စိုက် ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ကျွန်တော်တို့ မြို့နယ်မှာ နွေသီးနှံစိုက်ပျိုးရာသီက နွေ စပါး ၂၂၆၅၄ ဧကစိုက်ပျိုးနိုင်ခဲ့ ပါတယ်။ ယခုအခါ ၈၂၁၅ ဧက ရိတ်သိမ်းပြီးဖြစ်ပါတယ်။ နွေ စပါးစိုက်ပျိုးသူတောင်သူတွေကို သီးနှံအထွက်နှုန်း လျော့နည်းမှု မရှိစေရေးအတွက် အချိန်မီရိတ် သိမ်းနည်းစနစ်များ၊ ရိတ်သိမ်းပြီး စပါးများကို အမိုးအကာအောက် အချိန်မီရောက်ရှိစေရေးနဲ့ မျိုး ကောင်းမျိုးသန့်ထိန်းသိမ်းနည်း စနစ်များကိုလည်း အသိပညာ ပေး ဆောင်ရွက်ထားပါတယ်။ ဒေသခံတောင်သူတွေ စပါးရိတ် သိမ်းခြင်းကို အချိန်မီရိတ်သိမ်း နိုင်ရေးအတွက် စက်မှုလယ်ယာ ဦးစီးဌာနက ပံ့ပိုးကူညီဆောင် ရွက်ပေးနေပါတယ်"ဟု မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးဇော်က ပြောသည်။

စပါးကို အထွက်နှုန်းကောင်း မွန်အောင်စိုက်ပျိုးနိုင်ပါက ဒေသ တွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် တောင်သူများ ဝင်ငွေတိုးကာ လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုး တက်လာမည်ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ၎င်းက ဆက်လက်ပြောကြား သည်။ **(ဝဲပုံ)**



**အောင်ဝင်းငြိမ်း**

**(ကန့်ဘလူ)**

## မဟတ္တမဂန္ဒီ၏ပုံတူ ရှားပါးဆီဆေးပန်းချီကားတစ်ချပ်ကို လေလံတင်ရောင်းချရာ စတာလင်ပေါင် ၁၅၂၈၀၀ ရရှိ



**လန်ဒန် ဇူလိုင် ၁၇**

အိန္ဒိယလွတ်လပ်ရေးခေါင်းဆောင် မဟတ္တမဂန္ဒီ၏ပုံတူ ရှားပါးဆီဆေးပန်းချီကားတစ်ချပ်ကို ဗြိတိန်နိုင်ငံ လန်ဒန်မြို့တွင် ယမန်နေ့က လေလံတင်ရောင်းချခဲ့ရာ စတာလင်ပေါင် ၁၅၂၈၀၀ (အမေရိကန်ဒေါ်လာ ၂၀၄၆၄၈) ဖြင့် ရောင်းချခဲ့ရကြောင်း သိရသည်။

ထိုပမာဏမှာ ဘွန်းဟမ်းစ် လေလံကုမ္ပဏီက ပန်းချီကားအတွက် ခန့်မှန်းထားသော ပေါင် ၅၀၀၀၀ မှ ပေါင် ၇၀၀၀၀ ဈေးနှုန်းထက်များစွာ ပိုမိုမြင့်မားခဲ့သည်။

ထိုပန်းချီကားကို ဂန္ဒီ လန်ဒန်သို့ ရောက်ရှိစဉ် ၁၉၃၁ ခုနှစ်တွင် ဗြိတိသျှပန်းချီဆရာမ ကလဲယာ လေးတန် ရေးဆွဲခဲ့ခြင်းဖြစ်သည်။

အဆိုပါပုံတူပန်းချီကားသည် ဂန္ဒီပန်းချီဆွဲခံဖူးသည့် တစ်ခုတည်းသော ဆီဆေးပန်းချီကားဖြစ်နိုင်ဖွယ်ရှိကြောင်း သိရသည်။

**Mon**

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## ရှားပါးသော အင်္ဂါဂြိုဟ် ဥက္ကာခဲအပိုင်းအစတစ်ခုကို အမေရိကန်ဒေါ်လာ ၄ ဒသမ ၃ သန်းဖြင့် လေလံတင် ရောင်းချ



**ဝါရှင်တန် ဇူလိုင် ၁၇**

ကမ္ဘာပေါ်တွင် တွေ့ရှိခဲ့ဖူးသမျှ အကြီးဆုံးဖြစ်ပြီး မယုံနိုင်လောက်အောင် ရှားပါးသော နီညိုရောင် အင်္ဂါဂြိုဟ် ဥက္ကာခဲအပိုင်းအစတစ်ခုကို ဇူလိုင် ၁၆ ရက်က နယူးယောက်လေလံပွဲတစ်ခုတွင် အမေရိကန်ဒေါ်လာ ၄ ဒသမ ၃ သန်း (ဗြိတိန်ပေါင် ၃ ဒသမ ၂ သန်း)ဖြင့် ရောင်းချခဲ့ရကြောင်း သိရသည်။

အင်န်ဒဗလျူအေ ၁၆၇၈၈ အမည်ရသော ယင်းဥက္ကာခဲသည် (၅၄ ပေါင်) ၂၄ ဒသမ ၅ ကီလိုဂရမ် အလေးချိန်ရှိပြီး ၁၅ လက်မ (၃၈ ဒသမ ၁ စင်တီမီတာ)ခန့် ရှည်လျားကြောင်း ဆောသဘီ လေလံကုမ္ပဏီက အတည်ပြုသည်။

၄င်းကို ၂၀၂၃ ခုနှစ် နိုဝင်ဘာလက နိုင်ဂျာနိုင်ငံ၏ ဝေးလံခေါင်သီသော ဒေသတစ်ခုတွင် တွေ့ရှိခဲ့ခြင်းဖြစ်ပြီး ယခင်တွေ့ခဲ့ဖူးသော အခြားအင်္ဂါဂြိုဟ် အပိုင်းအစများထက် ၇၀ ရာခိုင်နှုန်း ပိုမိုကြီးမားသည်ဟု ဆိုသည်။

ကမ္ဘာပေါ်တွင် အင်္ဂါဂြိုဟ် ဥက္ကာခဲပေါင်း ၄၀၀ ခန့်သာ တွေ့ရှိခဲ့ဖူးကြောင်း သိရသည်။

**Mon**

0-0-0-0-0

## ကမ္ဘောဒီးယားနိုင်ငံက အဝတ်အထည်၊ ရှူးဖိနပ်နှင့် ခရီးသွားကုန်ပစ္စည်းများ တင်ပို့ရာတွင် အမေရိကန်ဒေါ်လာ ၇ ဒသမ ၆၂ ဘီလီယံရရှိ

**ဖနောင်ပင် ဇူလိုင် ၁၇**

ကမ္ဘောဒီးယားနိုင်ငံသည် ယခုနှစ် ပထမနှစ်ဝက်အတွင်း အဝတ်အထည်၊ အထည်အလိပ်၊ ရှူးဖိနပ်နှင့် ခရီးသွားကုန်ပစ္စည်းတို့တွင် စုစုပေါင်း အမေရိကန်ဒေါ်လာ ၇ ဒသမ ၆၂ ဘီလီယံတန်ဖိုး တင်ပို့နိုင်ခဲ့ကြောင်း ဇူလိုင် ၁၇ ရက်က တရားဝင်အစီရင်ခံစာတစ်ခုအရ သိရသည်။

အဆိုပါပမာဏမှာ ၂၀၂၄ ခုနှစ် အလားတူကာလနှင့် နှိုင်းယှဉ်ကြည့်ပါက ၂၂ ရာခိုင်နှုန်း တိုးလာကြောင်း သိရသည်။ အဝတ်အထည်၊ အထည်အလိပ်၊ ဖိနပ်နှင့် ခရီးသွားကုန်ပစ္စည်းကဏ္ဍသည် ကမ္ဘောဒီးယားနိုင်ငံအတွက် နိုင်ငံခြားငွေ အများဆုံးရရှိသည့် ကဏ္ဍဖြစ်သည်။



အဆိုပါကဏ္ဍ၌ လက်ရှိတွင် စက်ရုံ၊ အလုပ်ရုံ ၁၅၀၀ ကျော်ရှိပြီး အလုပ်သမား ကိုးသိန်းကျော် အလုပ်လုပ်ကိုင်လျက်ရှိကာ အများစုမှာ အမျိုးသမီးများဖြစ်ကြောင်း အလုပ်သမားနှင့် အသက်မွေးဝမ်းကျောင်း လေ့ကျင့်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

**ဆင်ဟွာ**

## စင်ကာပူ၏ ရေနံမဟုတ်သော ပြည်တွင်းပို့ကုန်များ၏တန်ဖိုး ယခင်နှစ် ၄င်းလနှင့် နှိုင်းယှဉ်ပါက ၁၃ ရာခိုင်နှုန်း တိုးတက်လာ

**စင်ကာပူ ဇူလိုင် ၁၇**

စင်ကာပူ၏ ရေနံမဟုတ်သော ပြည်တွင်းပို့ကုန်များ၏ တန်ဖိုးသည် ယခင်နှစ် ဇွန်လနှင့် နှိုင်းယှဉ်ပါက ၁၃ ရာခိုင်နှုန်း တိုးတက်လာခဲ့သည်ဟု ဇူလိုင် ၁၇ ရက်က ထုတ်ပြန်ခဲ့သည့် အစိုးရအချက်အလက်များက အတည်ပြုထားရာ ကွန်ပျူတာများ၊ ပေါင်းစပ်ဆားကစ်များနှင့် ငွေကြေးမဟုတ်သောရွှေများ တင်ပို့မှု သိသိသာသာ မြင့်တက်လာသဖြင့် ခွဲခြမ်းစိတ်ဖြာသူများ၏ ခန့်မှန်းချက်ထက် ကျော်လွန်ခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ရိုက်တာသတင်းဌာန၏ စစ်တမ်းခန့်မှန်းချက်ဖြစ်သည့် နှစ်စဉ် ၅ ရာခိုင်နှုန်း တိုးတက်မှုနှင့် နှိုင်းယှဉ်နိုင်ပြီး မေလတွင် ပြန်လည်ပြင်ဆင်ထားသော ၃ ဒသမ ၉ ရာခိုင်နှုန်း ကျဆင်းမှု နောက်ပိုင်းတွင် ယင်းတိုးတက်မှု ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

ကွန်ပျူတာများနှင့် ပေါင်းစပ်ဆားကစ်များကဲ့သို့သော အီလက်ထရောနစ် ထုတ်ကုန်များ၏ ပို့ကုန်များသည် ၅၃ ဒသမ ၈ ရာခိုင်နှုန်းနှင့် ၁၇ ဒသမ ၅ ရာခိုင်နှုန်း အသီးသီး တိုးတက်ခဲ့ပြီး ငွေကြေးမဟုတ်သော ရွှေနှင့် အထူးပြုစက်ယန္တရားများကဲ့သို့သော အီလက်ထရောနစ်မဟုတ်သော ထုတ်ကုန်များမှာမူ ၂၁၁ ဒသမ ၉ ရာခိုင်နှုန်းနှင့် ၃၁ ဒသမ ၄ ရာခိုင်နှုန်း အသီးသီး တိုးတက်ခဲ့ကြောင်း သိရသည်။

**Mon**



## ဆိုရှယ်မီဒီယာပလက်ဖောင်းများအား အွန်လိုင်းလောင်းကစားကြော်ငြာများ ဖယ်ရှားပေးရေး ဂျပန်ရဲတပ်ဖွဲ့ညွှန်ကြား

**တိုကျို ဇူလိုင် ၁၇**

ဂျပန်နိုင်ငံတွင် အွန်လိုင်းလောင်းကစားမှု ပပျောက်ရေးအတွက် ဆိုရှယ်မီဒီယာပလက်ဖောင်းများအား လောင်းကစားမှုနှင့်ပတ်သက်သည့် ကြော်ငြာများကိုအွန်လိုင်းမှ ဖယ်ရှားရန် ရဲတပ်ဖွဲ့က ညွှန်ကြားခဲ့ကြောင်း သိရသည်။

ထို့ပြင်အွန်လိုင်းလောင်းကစားခြင်းနှင့်ပတ်သက်၍ တိုင်ကြားရန်အတွက် အင်တာနက်ဆိုင်ရာ တိုင်ကြားရေးစင်တာတစ်ခုကို ရဲတပ်ဖွဲ့ကဖွင့်လှစ်ခဲ့သည်။ ဆိုရှယ်မီဒီယာများအား အွန်လိုင်းလောင်းကစားကြော်ငြာများကို အွန်လိုင်းမှ ဖယ်ရှားပေးရန် ၎င်းစင်တာကညွှန်ကြားခဲ့သည်။ မကြာမီက ကျင်းပခဲ့သည် ဒိုင်းယတ် လွှတ်တော်အစည်းအဝေးတွင် လောင်းကစားခြင်းအား စွဲလန်းမှုမှ ကုစားမည့်နည်းလမ်းများဆိုင်ရာဥပဒေကို ပြင်ဆင်ခဲ့သည်။ ၎င်းဥပဒေအရ အွန်လိုင်းတွင် လောင်းကစားခြင်းကိုတားမြစ်ထားပြီး လောင်းကစားသူများကို လောင်းကစားဝက်ဘ်ဆိုက်သို့ဆွဲဆောင်ခြင်းအား တားမြစ်ထားသည်။

အွန်လိုင်းလောင်းကစားနှင့်ပတ်သက်၍ သတိပေးချက်များထုတ်ပြန်ပြီးသည့်အချိန်မှသာ အရေးယူဆောင်ရွက်မည်ဟု တာဝန်ရှိသူများက ပြောကြားသည်။ အွန်လိုင်းတွင်လောင်းကစားနှင့်ပတ်သက်သည့် အချက်အလက်များကို ဖယ်ရှားရေးအတွက် ရဲတပ်ဖွဲ့က ဆောင်ရွက်မည်ဖြစ်သည်။

ကိုးကား - အင်န်အိတ်ချ်ကေ

ဘာသာပြန် - စိုးသူရ

## အိုက်စလန်နိုင်ငံ အနောက်တောင်ပိုင်း ရေကျာနက်စ်ကျွန်းဆွယ်တွင် မီးတောင်ပေါက်ကွဲမှုဖြစ်ပွား၊ အက်ကွဲကြောင်းမှ ချော်ရည်များ ထွက်လာ

**ရေကျာဗစ် ဇူလိုင် ၁၇**

အိုက်စလန်နိုင်ငံ အနောက်တောင်ပိုင်း ရေကျာနက်စ်ကျွန်းဆွယ်တွင် ဇူလိုင် ၁၆ ရက်က မီးတောင်ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ယင်းမီးတောင်ပေါက်ကွဲမှုသည် ၂၀၂၃ ခုနှစ်နှောင်းပိုင်းကတည်းက အဆိုပါဒေသတွင် နဝမအကြိမ်မြောက် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

တိုက်ရိုက်ရုပ်သံမှတ်တမ်းများတွင် မြေပြင်အက်ကွဲကြောင်းမှ ချော်ရည်များထွက်လာကာ မီးတောက်လောင်နေသည်ကို တွေ့ရသည်။

ဒေသစံတော်ချိန် မနက် ၄ နာရီမတိုင်ခင်၌ ထိုပေါက်ကွဲမှု စတင်ခဲ့ခြင်းဖြစ်ကြောင်း အိုက်စလန်မိုးလေဝသရုံးက ထုတ်ပြန်ကြေညာသည်။

နောက်ပိုင်းတွင် အဓိက အက်ကွဲကြောင်းသည် ၂ ဒသမ ၄ ကီလိုမီတာခန့် ရှည်လျားပြီး မီတာ ၅၀၀ ခန့် ရှည်လျားသော ဒုတိယအက်ကွဲကြောင်းတစ်ခုလည်းပေါ်လာကာ ဓာတ်ငွေ့ညစ်ညမ်းမှုမြင့်မားနေသဖြင့် ဒေသခံများကို အိမ်တွင်း၌နေကြရန် သက်ဆိုင်ရာက အကြံပြုထားကြောင်း သိရသည်။

**Mon**

STOP AIDS

## မူးယစ်ဆေးဝါးအန္တရာယ်နှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

**ပင်လုံ ဇူလိုင် ၁၇**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်ခရိုင် ပင်လုံတက္ကသိုလ် ဘက်စုံခန်းမ၌ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးနှင့် လူကုန်ကူးမှုတားဆီးကာကွယ်တိုက်ဖျက်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

ရှေးဦးစွာ ပင်လုံတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာခင်လေးရီက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် လွိုင်လင်ခရိုင် အမှတ်(၂၇)မူးယစ်တပ်ဖွဲ့စုမှူး ရဲမှူးတင်စိုးက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးနှင့် လိုက်နာဖွယ်ရာများအကြောင်းကိုလည်းကောင်း၊ လွိုင်လင်ခရိုင် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စိတ်မှ ဒုရဲမှူးတင်မောင်မြင့်က လူကုန်ကူးမှုတားဆီးကာကွယ်တိုက်ဖျက်ရေးဆိုင်ရာ သိကောင်းစရာများကို အသိပညာပေးဟောပြောခဲ့ကြသည်။



အဆိုပါ အသိပညာပေးဟောပြောပွဲသို့ ပင်လုံတက္ကသိုလ် ဒုတိယပါမောက္ခချုပ်များ၊ပါမောက္ခဌာနမှူးများ ကျောင်းသား၊ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)



## လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးနှင့် ယာဉ်စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြော

**မြင်းခြံ ဇူလိုင် ၁၇**

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံတက္ကသိုလ်၌ မူးယစ်ဆေးဝါးအန္တရာယ်ကင်းစင်ရေး၊ Online ငွေကြေးလိမ်လည်မှု တားဆီးကာကွယ်ရေး၊လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးနှင့် ယာဉ်စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာအသိပညာပေးဟောပြောပွဲကို ဇူလိုင် ၁၅ ရက် နံနက် ၁၀ နာရီက အဆိုပါ တက္ကသိုလ်ဘက်စုံသုံးခန်းမတွင် ကျင်းပသည်။

မူးယစ်ဆေးဝါးအန္တရာယ်ကင်းစင်ရေး၊ Online ငွေကြေးလိမ်လည်မှု တားဆီးကာကွယ်ရေး၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးနှင့် ယာဉ်စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲတွင် မြင်းခြံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒုတိယရဲမှူးကြီး ထွန်းမြ၊ မြင်းခြံခရိုင် ဥပဒေအရာရှိ ဦးအောင်ကျော်မင်း၊ ဒုတိယခရိုင်ဥပဒေအရာရှိ ဦးအောင်ရဲကျော်၊ မြင်းခြံခရိုင် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဌာနစိတ်မှ ဒုတိယရဲမှူး နေလင်းနှင့် မြင်းခြံယာဉ်ထိန်းတပ်ဖွဲ့စု ဒုတိယရဲမှူး အောင်ကြီးတို့က ဆွေးနွေးဟောပြောကြသည်။

ထို့နောက် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များက တက်ရောက်လာသူများအား ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးပြီး မြင်းခြံတက္ကသိုလ်ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်တို့က ဆွေးနွေးဟောပြောသူများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ကြသည်။

အဆိုပါ မူးယစ်ဆေးဝါးအန္တရာယ်ကင်းစင်ရေး၊ Online ငွေကြေးလိမ်လည်မှုတားဆီးကာကွယ်ရေး၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးနှင့် ယာဉ်စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ ဟောပြောပွဲသို့ မြင်းခြံတက္ကသိုလ်ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့် ပါမောက္ခများ(ဌာနမှူးများ)၊ စီမံ/ဘဏ္ဍာ(ဌာနမှူး)၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ) (၃၆၆)

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## လိုင်စင်မဲ့ဆိုင်ကယ် စီးနင်းသူများအား ဖမ်းဆီးအရေးယူ

**နေပြည်တော် ဇူလိုင် ၁၇**

မြို့နယ်အသီးသီး၌ ဇူလိုင် ၁၄ရက်က လိုင်စင်မဲ့ ဆိုင်ကယ်စီးနင်းသူများအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၁၄ရက်က မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်အတွင်း လိုင်စင်မဲ့ဆိုင်ကယ်စီးနင်းသူ ဘိုးလှကြီးရပ်ကွက်နေ အောင်မင်း(၃၆)နှစ်အားလည်းကောင်း၊ အလားတူ သထုံမြို့နယ်အတွင်း လိုင်စင်မဲ့ဆိုင်ကယ်စီးနင်းသူ သိမ်ကုန်းရပ်ကွက်နေ စိုးဝင်း(ခ)ဝါးပလွေ(၃၈)နှစ်နှင့် အောင်ကျင်းရပ်ကွက်နေ စိုးမြင့်ဝင်း(၃၈)နှစ်တို့ နှစ်ဦးအားလည်းကောင်း၊ အလားတူ ကျိုက်ထိုမြို့နယ်အတွင်း လိုင်စင်မဲ့ဆိုင်ကယ်စီးနင်းသူ သုံးခွကျေးရွာနေ သက်နောင်(၄၃)နှစ်အားလည်းကောင်း၊ အလားတူ သံဖြူဇရပ်မြို့နယ်အတွင်း လိုင်စင်မဲ့ဆိုင်ကယ်စီးနင်းသူ ဝယ်သွန်ချောင်းကျေးရွာနေ ဉာဏ်ဝင်း(၂၆)နှစ်အားလည်းကောင်း၊ ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်အတွင်း လိုင်စင်မဲ့ဆိုင်ကယ်စီးနင်းသူ စိန်ကုန်း ရပ်ကွက်နေ လှိုင်ဖြိုးကျော်(၁၈)နှစ်အားလည်းကောင်း အသီးသီး ဖမ်းဆီးရမိခဲ့သဖြင့် အောင်မင်း၊ စိုးဝင်း(ခ)ဝါးပလွေ၊ စိုးမြင့်ဝင်း၊ သက်နောင်၊ ဉာဏ်ဝင်းနှင့် လှိုင်ဖြိုးကျော်တို့အား သက်ဆိုင်ရာရဲစခန်းများ၌ ပို့ကုန်၊ သွင်းကုန်ဥပဒေအရ အမှုဖွင့်အရေးယူထားကြောင်းသိရသည်။

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

*-*-*-*-*

## တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် တရားမဝင် ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၁၇**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်လျက်ရှိသည်။

ဇူလိုင် ၁၁ရက်တွင် သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုးကိုလည်းကောင်း၊ ဇူလိုင် ၁၂ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ MAI Airlines လေယာဉ်ခရီးစဉ်အမှတ်(8M-232/SF-6582) ဖြင့် စင်ကာပူနိုင်ငံမှ မြန်မာနိုင်ငံသို့ လိုက်ပါလာသည့် မြန်မာနိုင်ငံသားခရီးသည်တစ်ဦး၏ ဝန်စည်အတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းနှစ်မျိုးကိုလည်းကောင်း၊ ဇူလိုင် ၁၄ ရက်တွင် အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာ ၂၀ အတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုးကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ကုန်လှောင်ရုံ၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၅ မျိုးကိုလည်းကောင်း၊ရန်ကုန်-ပဲခူးလမ်းဟောင်း၊ ပဲခူးတိုးဂိတ်အနီး၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းသုံးမျိုးနှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီးကိုလည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇူလိုင် ၁၄ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီကုန်သွယ်ရေးဇုန်အနီးရှိ ဂိုထောင်တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုးကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)






## ဘုရားမီးပူဇော်ရာမှ မီးလောင်မှုဖြစ်ပွား

**တာချီလိတ် ဇူလိုင် ၁၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့၊ဆေခမ်းရပ်ကွက်၌ ဖယောင်းတိုင်ဖြင့် ဘုရားမီးပူဇော်ရာမှ နေအိမ်အခန်းတွင်း မီးလောင်မှုဖြစ်ပွားသည့်ဖြစ်စဉ် ဇူလိုင် ၁၅ ရက် နံနက် ၈ နာရီခွဲခန့်က ဝမ်ဟောင်နယ်မြေ၊ ဈေးလမ်းရှိ နေအိမ်တွင် ဖြစ်ပွားခဲ့သည်။

အဆိုပါ မီးလောင်မှုဖြစ်စဉ်ဖြစ်ပွားခဲ့သည့်နေရာသို့ တာချီလိတ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မင်းသိန်း၊ ခရိုင်မီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးလှမင်း၊ ဟောင်လိတ်နယ်မြေရဲစခန်း စခန်းမှူး ဒုတိယ ရဲမှူး အေးထွန်းသိန်း၊ တာချီလိတ်မြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးငြိမ်းထက်အောင်နှင့် ဦးစီးတပ်ဖွဲ့ဝင် ၁၆ ဦး၊ အရန်တပ်ဖွဲ့ဝင် ၁၀ ဦး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများက မီးသတ်ယာဉ် သုံးစီးဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ကြသည်။

မီးလောင်မှုကြောင့် အလျား ၁၀ ပေ၊ အနံ ပေ ၂၀၊ RC+ Steel Structure အမျိုးအစား သွပ်မိုး နှစ်ထပ်ရှိ အပေါ်ထပ်နှင့် ဘုရားစင်မီးလောင်ကျွမ်းကာ လူနှင့် တိရစ္ဆာန်ထိခိုက်မှုမရှိကြောင်း သိရသည်။

အဆိုပါမီးလောင်ကျွမ်းခဲ့မှုနှင့်ပတ်သက်၍ အိမ်ပိုင်ရှင်အား ဟောင်လိတ်နယ်မြေရဲစခန်းက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

ခရိုင်(ပြန်/ဆက်)

## မန္တလေးတက္ကသိုလ် ကျောင်းသား၊ ကျောင်းသူဟောင်းများ နဝမအကြိမ် ဝါဆိုသင်္ကန်းကပ်လှူ

**မန္တလေး ဇူလိုင် ၁၇**

မန္တလေးတက္ကသိုလ် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော နဝမအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင် ၁၆ ရက် နံနက် ၉ နာရီက အောင်မြေသာစံမြို့နယ်ရှိ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမဆောင်တွင် ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို၍ ဖွင့်လှစ်ပြီး နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် ပါမောက္ခချုပ် ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ခြင်း၊ ကြွရောက်လာသော ဆရာတော်၊ သံဃာတော်များက အန္တရာယ်ကင်း ပရိတ်ရွတ်ဖတ်ခြင်းနှင့် ပါမောက္ခချုပ်(ငြိမ်း) ဦးပိုမြင့်က နဝမအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲ လှူဒါန်းမှုအစုစုအား လျှောက်ထားတင်ပြခြင်း၊ မြန်မာစာဌာန ပါမောက္ခ၊ ဌာနမှူး (ငြိမ်း) ဒေါက်တာ မောင်မောင်လေးက အလှူရှင် ကျောင်းသားကျောင်းသူဟောင်းများကိုယ်စား မုဒိတာစကားပြောကြားသည်။

ထို့နောက် နဝမအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲဖြစ်မြောက်ရေး ကော်မတီနာယက ဆရာကြီး ဦးတင်မောင် + ဆရာမကြီး ဒေါ်ခင်မြမြနှင့် နာယက ဆရာကြီး၊ ဆရာမကြီးများ၊ ကျောင်းသား၊ ကျောင်းသူဟောင်းများက နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ မော်ကွန်းထိန်း အပါအဝင် နာယကဆရာတော် ၁၃ ပါး၊ ရဟန်းပညာရှိ ၅၇ ပါး၊ စာသင်သားသံဃာတော် ၃၇၁ ပါး မန္တလေးတက္ကသိုလ် ကျောင်းသားဟောင်းတို့အား ဝါဆိုသင်္ကန်းနှင့် နဝကမ္မအလှူငွေများ လှူဒါန်းခြင်းဆောင်ရွက်ပြီး နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ် ဆရာတော်က လှူဒါန်းမှုအစုစုအတွက် အနုမောဒနာတရားနှင့် ရေစက်ချတရား ချီးမြှင့်ခဲ့သည်။



အခမ်းအနားသို့ မန္တလေးတက္ကသိုလ် နှစ်(၁၀၀)ပြည့်ပွဲတော်ကျင်းပရေးကော်မတီဝင် အငြိမ်းစား ပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများ၊ ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(ဝဲပုံ) (၀၄၅)



မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်တော်ကြီး-ကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ အလှူရှင် မန္တလေးမြို့၊ ၈၂လမ်းနှင့် ၈၃လမ်းကြား၊ ၃၂-အေလမ်းနေ မစုစုထွန်း၏ မွေးနေ့အထိမ်းအမှတ်အဖြစ် ဆေးပဒေသာပင်အလှူငွေကျပ် သုံးသိန်းကို ယမန်နေ့က လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီ အတွင်းရေးမှူး ဦးဝဏ္ဏနှင့် ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်း ပြန်လည်ပေးအပ်စဉ်။ (ကဆ)

## သံဃာတော် ၃၈၈ ပါးအား အရုဏ်ဆွမ်းလောင်းလှူ

**ပင်းတယ ဇူလိုင် ၁၇**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့ မြို့နယ်ဓမ္မာရုံကြီး၏ ဆွမ်းလောင်းလှူဌာန၌ ယမန်နေ့ အရုဏ်တက်ချိန်တွင် မြို့ပေါ်ဘုန်းတော်ကြီးကျောင်းတိုက် ၂၂ ကျောင်းမှ သံဃာတော် ၃၈၈ ပါးအား အရုဏ်ဆွမ်းလောင်းလှူပွဲ ကျင်းပခဲ့သည်။



အဆိုပါ သံဃာတော်များအား ဆွမ်း၊ ဆွမ်းဟင်းများ လောင်းလှူနိုင်ရန် မြို့နယ်ဝါတွင်းကာလ အဖိတ်နေ့ သံဃာ့ဒါန ဆွမ်းလောင်းအသင်း၏ ဆဋ္ဌမအကြိမ်မြောက် အလှူတော်ကို ဦးဆောင်ပေးကြသည့် အသင်းဥက္ကဋ္ဌ ဦးကျော်သူရနှင့် အသင်းသူ၊ အသင်းသားများက ဝေယျာဝစ္စ ဆောင်ရွက်ပေးမှုများဖြင့် ဆွမ်းအလှူရှင် ပင်းတယမြို့နယ် မြေစာရင်းဦးစီးမှူး ဦးဖြိုးဝေကျော်၊ (ဇနီး)ဒေါ်သက်သက်နွယ်၊ (သမီး) မယွန်းဝတီကျော်၊ မယွန်းရွှေလွှာကျော်၊ (သား)မောင်ဟိဏ်း သူရထွဋ် မိသားစုက ဆွမ်း၊ ငါးခြောက်၊ ပဲပြင်းစေ့၊ သခွားသီးဟင်းရည်၊ ဂျူးဖူးမြစ်ကြော်၊ ငါးမုန့်ကြွပ်ကြော်များဖြင့် လောင်းလှူခဲ့ကြကြောင်း သိရသည်။

(ဝဲပုံ)

(၃၃၈)

*-*-*-*-*

*-*-*-*-*-*-*

## မလွန်စျေးဆန်လှူအသင်းကြီး၏ ငလျင်ဒဏ်သင့်အဆောက်အအုံများ ပြန်လည်ဆောက်လုပ်ပြုပြင်နိုင်ရန်အတွက် အလှူငွေလှူဒါန်း

**မန္တလေး ဇူလိုင် ၁၇**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်ရှိ မလွန်စျေးဆန်လှူအသင်းကြီး၏ ငလျင်ဒဏ်သင့်အဆောက်အအုံများ ပြန်လည်ဆောက်လုပ်ပြုပြင်နိုင်ရန်အတွက် အမေရိကန်နိုင်ငံ၊ အာရီဇိုးနားပြည်နယ်ရောက် မြန်မာပြည်သူ၊ ပြည်သားများ၊ မိတ်ဆွေအပေါင်းအသင်း မိသားစုများက ဒုတိယအကြိမ်မြောက် လှူဒါန်းခြင်းအဖြစ် အလှူငွေကျပ်သိန်းသုံးဆယ်ကို ဇူလိုင် ၁၆ ရက် နံနက် ၁၀ နာရီက လာရောက်လှူဒါန်းခဲ့သည်။

ထိုသို့လှူဒါန်းရာတွင် အသင်းဥက္ကဋ္ဌ ဦးစိန်ဝင်း၊ အတွင်းရေးမှူး ဦးကြည်ဝင်းနှင့် အမှုဆောင်အဖွဲ့က လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(၀၇၂)



သင့်သွေးဖြင့်
အသက်ကယ်ပါ။

## ချမ်းမြသုခ ဘိုးဘွားရိပ်သာမှ အဘိုး၊ အဘွားများနှင့် လူမှုကူညီရေးအသင်းမှ စေတနာ့ဝန်ထမ်းအသင်းဝင်များအား ဆန်၊ ဆီ၊ ပဲများ လှူဒါန်း

**မန္တလေး ဇူလိုင် ၁၇**

မန္တလေး၊ ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်းဂေါပကအဖွဲ့က ကြီးမှူး၍ မြန်မာပြည်ဖွား တရုတ်မျိုးနွယ်စုများနှင့် စေတနာရှင်၊ အလှူရှင်များ စုပေါင်း၍ ချမ်းမြသုခဘိုးဘွားရိပ်သာမှ အဘိုး၊ အဘွားများနှင့် လူမှုကူညီရေးအသင်းမှ စေတနာ့ဝန်ထမ်းအသင်းဝင်များအား ဆန်၊ ဆီ၊ ပဲများ ထောက်ပံ့လှူဒါန်းပွဲကို မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ တမ္ပဝတီရပ်ရှိ ချမ်းမြသုခလူမှုကူညီရေးအသင်းတွင် ဇူလိုင် ၁၅ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ချမ်းမြသုခ လူမှုကူညီရေးအသင်းဥက္ကဋ္ဌ ဦးကျော်မျိုးထိုက်က အသင်းကြီး၏ဆောင်ရွက်ချက်များနှင့် မုဒိတာစကား၊ ကျေးဇူးတင်စကားပြောကြားပြီး ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်းဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးတင်ထွန်းက လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မန္တလေး၊ ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်းဂေါပကအဖွဲ့၊ မြန်မာပြည်ဖွား တရုတ်မျိုးနွယ်စုများနှင့် စေတနာရှင်၊ အလှူရှင်များက ဘိုးဘွားရိပ်သာမှ အဘိုး၊ အဘွား ၁၀၅ ဦး၊ လူမှုရေးအသင်းမှ စေတနာ့ဝန်ထမ်း ၇၀ ဦး၊ စုစုပေါင်း ၁၇၅ ဦးတို့အား ဆန်ခြောက်ပြည်၊ ကုလားပဲတစ်ပိဿာ၊ ဆီ ၄၃ ကျပ်သားစီကို အသီးသီး ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(၀၉၃)



## ဇီဝိတဒါန သာသနာ့အထူးကုဆေးရုံကြီးသို့ ဆေးပဒေသာပင်လှူဒါန်း

**မန္တလေး ဇူလိုင် ၁၇**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ၆၂လမ်း၊ ဒေါနဘွားရပ်ကွက်ရှိ မင်းကွန်းတိပိဋကဓရဆရာတော်ကြီး တည်ထောင်ဖွင့်လှစ်တော်မူခဲ့သည့် ဇီဝိတဒါန သာသနာ့အထူးကုဆေးရုံကြီးသို့ အလှူရှင် နန်းတော်ရှေ့ရပ်နေ မိခင်ကြီး ဒေါ်လှတင် ကွယ်လွန်ခြင်း လေးနှစ်ပြည့်အား ရည်စူး၍ (သား)ကိုသန်းဦး၊ (သမီး)ဒေါ်တင်မမ၊ ဒေါ်သန်းသန်းမြင့်၊ ဒေါ်တင်မာဌွေး မိသားစုတို့က ဆေးပဒေသာပင် အလှူငွေကျပ်ငါးသိန်းကိုလည်းကောင်း၊ (မြေး)ကိုဇာနည်+မနွယ်နီဦး၊ ကိုပြည့်ဝန်းမော်+မဖြူဖြူ၊ ကိုမြင့်မောင်မောင်+မမေဆွိ မြေးတစ်စုတို့က အလှူငွေကျပ် တစ်သိန်းငါးသောင်းကိုလည်းကောင်း ယမန်နေ့က ၆၂လမ်းနှင့် ၁၅လမ်းထိပ်ရှိ ဆေးရုံအလှူခံဌာနတွင် လာရောက်လှူဒါန်းရာ ဆေးရုံဥပဋ္ဌာကအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ ဦးကျော်ဝင်းက လက်ခံရယူပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

ဇီဝိတဒါန သာသနာ့အထူးကုဆေးရုံကြီးသို့ ဆေးပဒေသာပင်၊ ဆွမ်းပဒေသာပင်နှင့် အခြားဘက်စုံအလှူငွေများ လှူဒါန်းလိုပါက ဆေးရုံအလှူခံဌာန ဖုန်း ၀၉-၈၉၂၉၅၃၀၈၂ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၁)



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ ကျန်းမာမှ ပညာသင်ကြားနိုင်မည်၊ ကျန်းမာမှ အလုပ်လုပ်နိုင်မည်ဖြစ်သဖြင့် ပြည်သူများ၏ ကျန်းမာရေးကဏ္ဍ မြှင့်တင်ရေးကို အထူးအလေးထား ဆောင်ရွက်ပေးသွားရန်လို...

❖ ကျန်းမာရေးနှင့်မညီညွတ်သော အသောက်အစား၊ အစားအသောက်နှင့် အသုံးအစွဲများကို လျှော့ချ ဆောင်ရွက်သွားမည်ဆိုပါက တစ်ဦးချင်းစီ၊ မိသားစု တစ်စုချင်းစီအတွက် အကျိုးရှိစေနိုင်သည်သာမက နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အကျိုး ရှိစေနိုင်မည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက် နေ့တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ ပူးပေါင်း၍ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေး





နေပြည်တော် ဇူလိုင် ၁၇

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်တို့ ပူးပေါင်း၍ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ရာဇဝတီခန်းမ၌ ကျင်းပရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေး၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အဂတိလိုက်စားမှုသည် နိုင်ငံတော်ဖွံ့ဖြိုးရေးကဏ္ဍများကို အကောင်အထည်ဖော် ဆောင်ရွက်ရာ၌ အဟန့်အတားတစ်ခုဖြစ်ပေါ်စေသည့် အတွက် ကောင်းမွန်သည့် အစိုးရတစ်ရပ်၊ သန့်ရှင်းသည့် အစိုးရတစ်ရပ် ဖော်ဆောင်ရာ၌ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် အဂတိကင်းရှင်းအောင် ကျင့်ကြံ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် နိုင်ငံနှင့် ပြည်သူတို့အတွက် စေတနာထားပြီး ရိုးသား၊ ကြိုးစား၊ သစ္စာရှိသည့် ဝန်ထမ်းကောင်းများအဖြစ် အဂတိတရား ကင်းရှင်းစွာဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် ကျရာအခန်းကဏ္ဍမှ ပါဝင်ထမ်းဆောင်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌက အဂတိလိုက်စားမှုကြောင့် နိုင်ငံ၏ အရင်းအမြစ်များ၊ စီမံခန့်ခွဲမှုများ လွဲမှားမှုများဖြစ်ပေါ်ကာ အခြေခံပြည်သူများအတွက် ဆိုးကျိုးများကို ဖြစ်ပေါ်စေကြောင်း၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် တစ်ဦးတစ်ယောက်မှစ၍ ကဏ္ဍအသီးသီးမှ ပုဂ္ဂိုလ်များ အားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် ပြောကြားသည်။

ယင်းနောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် စုံစမ်းစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာကိစ္စရပ်များနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဆိုင်ရာများကို ရှင်းလင်းဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ကော်မရှင်အဖွဲ့ဝင် ဦးကျော်ဝင်းသိန်း ဦးဆောင်သည့်အဖွဲ့သည် ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့် ဦးဆောင်သည့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး အဖွဲ့ (Corruption Prevention Unit-CPU)နှင့်တွေ့ဆုံကာ အဖွဲ့၏ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အားသာချက်၊ အားနည်းချက်များနှင့် စပ်လျဉ်း၍ သုံးသပ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## အီတလီအသင်းက နော်ဝေအသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဆီမီးဖိုင်နယ်အဆင့်သို့ တက်လှမ်း

**လန်ဒန် ဇူလိုင် ၁၇**

အမျိုးသမီးယူရို(၂၀၂၅) ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့် ပွဲစဉ်အဖြစ် အီတလီအသင်းနှင့် နော်ဝေ အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အီတလီအသင်းက နော်ဝေအသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဆီမီးဖိုင်နယ်အဆင့်သို့ တက်လှမ်းခဲ့သည်။

အီတလီအသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် မိနစ် ၅၀ နှင့် ၉၀ တို့တွင် ဂီရယ်လီ တစ်ဦးတည်းက သွင်းယူပေးခဲ့သည်။

အီတလီအသင်းသည် နော်ဝေအသင်းအား အနိုင်ရရှိခဲ့ခြင်းကြောင့် ၁၉၉၇ခုနှစ်နောက်ပိုင်း အမျိုးသမီးယူရိုပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်အား ပထမဆုံးအကြိမ် တက်လှမ်းခွင့်ရရှိခဲ့ခြင်းလည်းဖြစ်သည်။

အီတလီအသင်းသည် ၂၀၂၅ အမျိုးသမီးယူရိုပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် ဆွီဒင်၊ အင်္ဂလန်အသင်းတို့မှ အနိုင်ရရှိသည့်အသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။

(NGB)



## သီလဝါသိုလှောင်ကန်များတွင် စက်သုံးဆီများ ပြည့်လုနီးပါးရှိနေသည့်အပြင် မှာယူထားသည့် ဆီတင်သင်္ဘောများလည်း အဆက်မပြတ် ဝင်ရောက်လျက်ရှိ

နေပြည်တော် ဇူလိုင် ၁၇

ကမ္ဘာ့ရေနံစိမ်းဈေးနှုန်းနှင့် အာရှ-ပစိဖိတ်ဒေသအတွင်း စက်သုံးဆီဈေးနှုန်းများ အနည်းငယ်မြင့်တက်လာမှုကြောင့် လာမည့်အပတ်တွင် ပြည်တွင်းစက်သုံးဆီဈေးနှုန်းများကိုလည်း မြင့်တက်နိုင်မည်ဟု သုံးသပ်ခန့်မှန်းရသည်။ သို့သော်လည်း ပြည်တွင်းနိုင်ငံခြားငွေလဲလှယ်နှုန်း ကျဆင်းမှုကြောင့် နှစ်ဆန်းပိုင်းက ဖြစ်ပေါ်ခဲ့သည့် ဈေးနှုန်းများအောက် တစ်လီတာလျှင် ကျပ် ၂၅၀ ကျော်ခန့်အထိ လျှော့နည်းနေဦးမည်ဟု ခန့်မှန်းရသည်။

ယခင်နှစ်က အရောင်းဆိုင်များတွင် ယာဉ်တန်းစီစောင့်ဆိုင်းဝယ်ယူမှုများဖြစ်ပေါ်ခဲ့သော်လည်း ယခုနှစ်တွင် အလားတူ ယာဉ်တန်းစီ ဝယ်ယူမှုမျိုး မတွေ့ရကြောင်းနှင့် သီလဝါသိုလှောင်ကန်များတွင် စက်သုံးဆီများ ပြည့်လုနီးပါးရှိနေသည့်အပြင် မှာယူထားသည့် ဆီတင်သင်္ဘောများလည်း အဆက်မပြတ် ဝင်ရောက်လျက်ရှိနေသည်ဟု လုပ်ငန်းရှင်အသိုင်းအဝိုင်းများထံမှ သိရသည်။

သတင်းစဉ်

၀-၀-၀-၀-၀